


# တရားနှလုံး သွင်းပါဆိုတာ ခန္ဓာကိုကြည့်ကြလို့ပြောတာ

ဝဇီရာ၊ ဘိက္ခုနီမ

(၂၀၄)

ဟောကြားသည့်နေ့
(၂-၁၀-၆၂)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၁၅) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# တရားနှလုံးသွင်းပါဆိုတာ ခန္ဓာကိုကြည့်ကြလို့ပြောတာ

(ဝဇီရာ၊ ဘိက္ခုနီမ)

ဟောကြားသည့်နေ့ (၂-၁၀-၆၂)

အားလုံးဒကာဒကာမတွေ တရားနှလုံးသွင်းကြဆိုတဲ့ ဥစ္စာ သတိပေးလိုက်ပါတယ်။

## တရားက ဘယ်မှာရှိလို့လဲ

တရားနှလုံးသွင်းကြဆိုတဲ့ဥစ္စာ တရားက ဘယ်မှာ ရှိလို့လဲ မေးလို့ရှိရင်ဖြင့် ဘုန်းကြီးမဟောခင်က ရှိနေတယ်လို့ မှတ်ပါ . . . (မှန်ပါ့ဘုရား)။

ဘုန်းကြီးမဟောခင်ကတည်းက ဒကာဒကာမတွေမှာ တရားရှိနေတယ်၊ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဒကာဒကာမတွေ အခုတရားနာနေတာ ခန္ဓာငါးပါးနဲ့ နာနေတာ . . . (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးနဲ့ နာပြီးသကာလနေတော့ ဒီခန္ဓာငါးပါး ကြည့်နေတာလို့ဆိုတာ တရားနှလုံးသွင်းတာလို့ ပြောတာ . . . (မှန်ပါ့ဘုရား)။

## တရားနှလုံးသွင်းကြဆိုတာ

ခန္ဓာငါးပါး ကြည့်နေတာဆိုတာ ဘာပါလိမ့် . . . (တရားနှလုံးသွင်းနေတာပါ ဘုရား)။

တရားနှလုံးသွင်းတာ ဆိုတဲ့ဥစ္စာက ဒကာဒကာမ တွေက တခြားတရားတွေငါရတာရွတ်မှပဲဆိုရင် လွဲကုန်ပြီ . . . (မှန်ပါ့) ငယ်ငယ်တုန်းက မှတ်ထားတာ ရွတ်မှပဲဆိုရင် သေသေချာချာ လွဲတာပေါ့ . . . (မှန်ပါ့)။

**ဒါ သေသေချာချာ မှတ်ပါ၊ တရားနှလုံးသွင်းကြဆိုရင် . . . ခန္ဓာကို ကြည့်ကြ ပြောတာကိုးလို့မှတ် . . . (မှန်ပါ့)။**

တရားနှလုံးသွင်းကြဆိုတာ ဘာပါလိမ့် . . . (ခန္ဓာ ကြည့်ကြပြောတာပါ) ခန္ဓာကြည့်ကြလို့ ပြောတာ။

## ခန္ဓာသည်ပင်လျှင်တရား

တရားက ခန္ဓာထဲမှာ ရှိနေတော့ ခန္ဓာသည်ပင်လျှင် တရားဖြစ်နေတဲ့အတွက် တရားနှလုံးသွင်းကြ ဆိုလို့ရှိရင် ခန္ဓာကြည့်ပါလို့ခိုင်းတာပဲလို့ တရားနာတဲ့ ဒကာဒကာမတွေက မှတ်လိုက်ရုံပဲ . . . (မှန်ပါ့)။

ခန္ဓာကြည့်ရမယ်နော် . . . (မှန်ပါ့) ခန္ဓာကြည့်လိုက်တဲ့ အခါကျတော့ ဒကာဒကာမတွေ ခန္ဓာက သူပြောလာလိမ့်မယ်၊ ဘယ်လိုများ ပြောမလဲလို့ ဆိုတဲ့အခါကျလို့ရှိရင် အိုက်တယ်လို့ ရှေးဦးစွာ သိ၊ လူကလည်း များတော့ အိုက်တယ်ဆိုတဲ့ ဒေါသစိတ်ကလေး ပေါ်လာလိမ့်မယ် . . . (မှန်ပါ့)။

## အိုက်တဲ့စိတ်

အဲဒီ ဒေါသစိတ်ကလေးဟာလည်း ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့၊ အပူဓာတ်နဲ့ ခန္ဓာကိုယ်နဲ့ထိလို့ အိုက်တဲ့ စိတ်ကလေး အိုက်တဲ့ဒေါသစိတ်ကလေးဟာ ပေါ်လာတယ်၊ တစ်နည်းအားဖြင့် ကိုယ်ပေါ်မှာ ပေါ်လို့ရှိရင် ဒုက္ခဝေဒနာ ကလေးပေါ်လာတယ် . . . (မှန်ပါ့) အဲဒါကလေး ရှေးဦးစွာ ကြည့် လိုက်၊ ဩော် . . . ဒီအိုက်တဲ့ ဒုက္ခဝေဒနာကလေးဟာ ဒကာ ဒကာမတို့ ခန္ဓာထဲ ပေါ်လာတယ် . . . (မှန်ပါ့)။

တခြားက ပေါ်လာတာလား . . . ခန္ဓာက ပေါ်လာ တာလား . . . (ခန္ဓာက ပေါ်လာတာပါဘုရား)။

ဒါဖြင့် ခန္ဓာထဲက ပေါ်လာတော့ ဒကာဒကာမတွေက မှတ်လိုက်တာပေါ့၊ ဪ . . . ဒီခန္ဓာထဲက ပေါ်လာလို့ ရှိရင်ဖြင့် ခန္ဓာက ဒုက္ခသစ္စာလို့ ဆိုထားတော့၊ ခန္ဓာထဲက ထူးထူးခြားခြား မြင်သာအောင်ပေါ်လာသောကြောင့် ဒုက္ခ သစ္စာပေါ်လာတာပဲလို့ ဆိုပြီး နှလုံးသွင်းလိုက်ပါ . . . (မှန်ပါ့)။

မောင်ဘသော် . . . ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဒကာကြွယ် . . . ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ဘယ်ဟာနှလုံးသွင်းမတုံး

ဘယ်ဟာ နှလုံးသွင်းမတုံးဆိုတော့ ခန္ဓာကြည့်ရတယ် . . . (မှန်လှပါ) ခန္ဓာထဲ ရှေးဦးစွာ ထူးထူးခြားခြား ပေါ်လာ တာကလေး ကြည့်လိုက်တော့ အိုက်တယ်ဆိုတဲ့ ဒုက္ခဝေဒနာ ကလေး ပေါ်လာတယ် . . . (မှန်ပါ့)။

အိုက်တယ်ဆိုတဲ့ ဝေဒနာကလေးကို ဘုန်းကြီးတို့ ဒကာဒကာမတွေက ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ) အခု သူ့ကြောင့်လာတဲ့ အိုက်တဲ့ အလုံးကလေးဟာ ဒုက္ခသစ္စာအပင်က သီးလာတော့ ဒုက္ခသီးကလေးပဲ မှတ်ရမှာဘဲ . . . (မှန်ပါ့)။

ဒုက္ခပင်က ဒုက္ခသီးကလေးပဲ သီးလာတယ်ဆိုတာ မှတ်လိုက်တော့၊ ဩော် ... သူ ဘာပါလိမ့်မတုံးလို့ တွေး မနေနဲ့၊ ဒုက္ခသစ္စာကလေး ပေါ်လာတာပဲလို့ တွေးလိုက်စမ်းပါ ... (မှန်ပါ့)။

ဘာပေါ်လာတာတုံး ... (ဒုက္ခသစ္စာကလေး ပေါ်လာပါတယ်) ဒုက္ခသစ္စာကလေး ပေါ်လာတာ ဒကာ ဒကာမတို့ ... (မှန်ပါ့)။

## တရားနှလုံးသွင်းပါဆိုရင် ခန္ဓာကြည့်ပါ

နောင်ခါ တရားနှလုံးသွင်းပါဆိုရင် ခန္ဓာကြည့်ပါ ... (မှန်လှပါ) ခန္ဓာထဲ ပေါ်လာတာလည်း ယခုအချိန် ဘာစိတ်ကလေး ... ဘာဝေဒနာကလေး ပေါ်လာတယ်လို့ ထင်ကြသလဲ ... (ဒုက္ခဝေဒနာကလေး ပေါ်ပါတယ်ဘုရား) ဒုက္ခဝေဒနာကလေး ပေါ်တယ် ... (မှန်ပါ့)။

ဒုက္ခဝေဒနာကလေး ပေါ်လာတော့ ဩော် ... ဒီ ခန္ဓာကြီးဟာ ဘာသစ္စာတုံးလို့ မေးလိုက်ရင် ... (ဒုက္ခသစ္စာပါ ဘုရား)။

**"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"** လို့ ဓမ္မစကြာ ပါဠိတော် ပါပြီးသား ဖြစ်နေတော့ ခန္ဓာက အပင်ကြီး ဖြစ်နေ ပါတယ် ... (မှန်ပါ့) သူက သီးပွင့်လာတဲ့ အိုက်လုံးကလေး

ဟာ ဒုက္ခသီးကလေး၊ ဒုက္ခပွင့်ကလေးသာ ဖြစ်နိုင်တယ် . . . (မှန်ပါ့)။

ခန္ဓာက ဒုက္ခပင်ကြီးကိုး ဒကာဒကာမတို့ . . . (မှန်ပါ့) သူက သီးပွင့်လာတာ သူတို့က ပေါ်ပေါက်လာတာကို ဘာလို့ ဆိုကြမလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် ခန္ဓာ နှလုံးသွင်းကြဆိုတော့ တရားနှလုံး သွင်းပါဆိုတော့ ခန္ဓာကြည့် . . . (မှန်ပါ့) ခန္ဓာကြည့်လိုက်တဲ့ အခါကျတော့ အိုက်လုံးကလေး, မခံချင်လုံးကလေး၊ အင်း . . . ကျောက အိုက်တယ်, ရင်က အိုက်တယ်, ခြေထောက်က ကျင်တယ်၊ အင်း . . ဘာသစ္စာကလေးတွေ ထွက်လာပါလိမ့် . . . (ဒုက္ခသစ္စာကလေးတွေ ထွက်လာပါတယ်ဘုရား)။

## နဂိုရှိလို့ နကိုင်းထွက်တာ

ဩော် . . . ဒါဖြင့် ဒို့ခန္ဓာထဲမှာ နဂိုရှိလို့ နကိုင်းထွက် တာပဲ ဆိုတဲ့အတိုင်း ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာထူးထူးခြားခြား ပြတာပဲ . . . (မှန်ပါ့)။

ဒုက္ခသစ္စာရှိလို့ . . . (ဒုက္ခသစ္စာပြတာပါဘုရား) ဒုက္ခ သစ္စာ ထူးထူးခြားခြား ပြတာပဲ ဆိုသဖြင့်၊ ဩော် . . . တရား နှလုံးသွင်းကြဆိုတာ ခန္ဓာကြည့်၊ ခန္ဓာကြည့်တော့ ခန္ဓာထဲက အထူးတလည် ပေါ်လာတာ ကြည့်လိုက်တော့၊ ဒကာကြွယ်

ဘာသစ္စာ တွေ့ရသတုံး . . . (ဒုက္ခသစ္စာတွေ့ရပါတယ်) ဒုက္ခသစ္စာပဲ တွေ့ရတယ် . . . (မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာကို ဘုန်းကြီးတို့ ဒကာဒကာမတွေက တွေ့ရတဲ့အခါကျတော့ ခန္ဓာက ဒုက္ခသစ္စာ၊ တွေ့အောင်ရှာနိုင်တဲ့ ဉာဏ်ကလေးက မဂ္ဂသစ္စာ . . . (မှန်ပါ့)။

## ရှာနိုင်တဲ့ဉာဏ်က မဂ္ဂသစ္စာ

ခန္ဓာက . . . (ဒုက္ခသစ္စာပါဘုရား) တွေ့အောင် ရှာနိုင်တဲ့ဉာဏ်ကလေးက . . . (မဂ္ဂသစ္စာပါဘုရား)။

ဟာ . . . ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခနောက်က ဒေါမနဿ မလိုက်တော့ဘူး . . . (မှန်ပါ့)။

ဘယ်လိုပါလိမ့် . . . (ဒုက္ခနောက်က ဒေါမနဿ မလိုက်တော့ပါဘုရား)။

ဒုက္ခနောက်က ဒေါမနဿ မလိုက်တော့ဘူးဆိုကတည်းကိုက၊ ဒေါမနဿ မလိုက်လို့ရှိရင် ဒကာကြွယ်တို့, မောင်လှဘော်တို့, ဒကာသစ်တို့ သောက, ပရိဒေဝ, ဥပါယာသ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် လာသေးရဲ့လား . . . (မလာပါဘုရား)။

အင်း . . . ဒါဖြင့် တရားနှလုံးသွင်းကြဆိုရင် ဘာကြည့်မယ် . . . (ခန္ဓာကြည့်ရပါမယ်ဘုရား)။

ခန္ဓာကြည့်တော့ ခန္ဓာထဲက ထူးထူးခြားခြား ဘာပေါ် လာသတုံး . . . (ဒုက္ခသစ္စာ ပေါ်လာပါတယ်ဘုရား)။

အဲ . . . ဒုက္ခသစ္စာကလေးက ခန္ဓာကိုယ်ထဲက ပေါ်လာတော့ . . . အိုက်လုံးကလေး, မချမ်းသာလုံးကလေး ဒါကလေးက ဒုက္ခသစ္စာလို့ သိထားတော့ ဒုက္ခသစ္စာက ဒုက္ခသစ္စာ . . .၊ ပေါ်လာတာကလေးကို အထူးတလည် သိတာက . . . (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခနောက်က မဂ္ဂလိုက်နေတဲ့အတွက် ဒုက္ခ ပျောက်ချင်တဲ့ တဏှာကော လာသေးရဲ့လား . . . (မလာပါ ဘုရား) ဒုက္ခကြောင့် ဖြစ်တဲ့ ဩော် . . . ဒီအတိုင်းဆိုရင် ခက်ရချည်ရဲ့ဆိုတဲ့ သောကတွေကော လာသေးသလား . . . (မလာပါဘုရား)။

ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှီလို့ ပေါ်လာတာပဲလို့ . . . ဒုက္ခဝေဒနာ ဒုက္ခသစ္စာကလေးပေါ်၊ အခုပျောက်တာပဲလို့ သိလိုက်သဖြင့်လည်း မသိတဲ့ အဝိဇ္ဇာကလေး ချုပ်တယ် . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီ)။

## လောဘ၊ ဒေါသ၊ အဝိဇ္ဇာချုပ်တယ်

ဒါဖြင့် . . . လောဘချုပ်, ဒေါသချုပ်, ဒကာဒကာမတို့ အဝိဇ္ဇာချုပ် . . . (မှန်ပါ့) သေသေချာချာနားထောင်ပါ၊ ဒါ, တရားသားထွက်လာပြီ . . . (မှန်ပါ့)။

ဒကာဒကာမတို့ သေသေချာချာ နား‌ထောင်ပါ၊ ဒီတစ်လုံးသည် သေပျော်ပြီ၊ ဒီတစ်လုံးနာပြီးလို့ရှိရင် ဒီတစ်လုံးနှလုံးသွင်းပြီးလို့ရှိရင်ဖြင့် လောဘ, ဒေါသ, မောဟ အကုန်ချုပ်တယ် . . . (မှန်ပါ့ဘုရား)။

## ပေါ့ပေါ့တန်တန်မျိုးမနာနဲ့

ဒကာဒကာမတွေ သေသေချာချာ နားထောင်စမ်းပါ၊ အင်မတန် ပင်ပန်းခံပြီး ပေါ်လွင်ထင်ရှားအောင် ပြောနေတဲ့ ဥစ္စာ၊ ဒကာဒကာမတွေက ပေါ့ပေါ့တန်တန်မျိုး မနာဘဲနဲ့ ဆရာဘုန်းကြီးက ဒါ, မေတ္တာရှေ့ထားတာပဲ၊ အကြီးအကျယ်ကြီးဆိုတာ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) ဒကာဒကာမတွေကလည်း အလိုရှိတာ ဒို့လည်း အကြီးအကျယ်ကြီးမို့ လာတာပဲ ဆိုတာကော . . . ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့)။

အဲဒီလိုလည်း အကြီးအကျယ်, အကြီးအကျယ်ချင်းတွေ့ရလို့ရှိရင်ဖြင့်၊ အဓိပတိထိုက်သည် ဖြစ်လေသောကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရောက်နိုင်တယ် . . . (မှန်ပါ့ဘုရား)။

## ဘုန်းကြီးစေတနာထား ပြောနေတာ

ကိုင်း . . . ဒါဖြင့် ဘုန်းကြီး စေတနာကလည်း သေးသေးလား . . .၊ ကြီးကြီးလား . . . (ကြီးကြီးပါဘုရား)

ဒကာဒကာမတွေကလည်း ဒီအထဲမှာ တိုးဝှေ့ပြီးသကာလ၊ အပင်ပန်းခံပြီး မြေပေါ်မှာ တချို့၊ တမံတလင်းပေါ်မှာ တချို့၊ ဓမ္မာရုံထဲမှာ တချို့၊ ကျောင်းကြီးပေါ်မှာ တချို့ဖြစ်သလို ယူမဟော့ဆိုပြီး သကာလ စေတနာတွေကလည်း သေးသေးလား၊ ကြီးကြီးလား. . . (ကြီးကြီးပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဟောတဲ့ ပုဂ္ဂိုလ်ကလည်း စေတနာကြီးကြီး၊ နာတဲ့ပုဂ္ဂိုလ်ကလည်း စေတနာကြီးကြီး ဆိုတာသည် မူလစိတ်လား အကြီးအကဲပေါ်လာတဲ့ စိတ်လား . . . (အကြီးအကဲပေါ်လာတဲ့စိတ်ပါဘုရား)။

## အဓိပတိစိတ်ထားပြီးနာပါ

ဒါဖြင့် ဒီကလည်း အဓိပတိနဲ့ ဟောနေတယ်၊ ဒကာဒကာမတွေကလည်း အဓိပတိစိတ်ထားပြီး နာပါ . . . (မှန်ပါ့)။

အဓိပတိနဲ့ ဟောနေတဲ့အတွက် အဓိပတိစိတ်ထားနဲ့ပဲ နာကြပါဆိုတော့၊ ဒီတရားပွဲဟာ ဒကာကြွယ်တို့၊ မောင်ဘသော်တို့ သေးသေးသိမ်သိမ် မဟုတ်တော့ဘူး . . . (မှန်ပါ့ဘုရား) ဒီတစ်လုံးနဲ့ပဲ ဒကာဒကာမတွေ အရေးတကြီး မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

ကိုင်း . . . ယခု ပန်ကာတွေက ဘယ်လိုပင် လည်ငြားသော်လည်း၊ ခန္ဓာကြည့်လိုက်တဲ့အခါ ကျတော့ အိုက်တဲ့

ဒုက္ခဝေဒနာ မပေါ်ဘူးလား . . . (ပေါ်ပါ တယ်ဘုရား)။

ဘယ်အပေါ်မှာ ပေါ်ပါလိမ့်မတုံး မေးတော့ . . (ခန္ဓာကိုယ်ပေါ်မှာ ပေါ်ပါတယ်ဘုရား)။

ခန္ဓာက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ခန္ဓာပင်ကြီးက အိုက်လုံးကလေးတစ်ခု သီးပွင့်လာပြန်ပြီ . . . (မှန်ပါ့ဘုရား)။

အိုက်လုံးကလေးတစ်ခု . . . (သီးပွင့်လာပြန်ပါပြီဘုရား) သီးပွင့်လာတယ်လို့ ဆိုနေပြီ၊ အိုက်လုံးကလေးက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

အဲ . . . ခန္ဓာက ဒုက္ခသစ္စာဆိုတော့ . . . သူက ထွက်လာတာ သုခတော့မထွက်ပါဘူး ဒကာကြွယ်ရ . . . (မှန်ပါ့) ဘာသစ္စာကလေး သူထိုးပြလိုက်သတုံး . . . (ဒုက္ခသစ္စာကလေး ပြပါတယ်ဘုရား)။

## ဒုက္ခပင်က၊ ဒုက္ခသီးတာ

ဒုက္ခသစ္စာကလေးတစ်ခု ပေါ်လာတာ သူထိုးပြလိုက်တော့ . . . မောင်ဘသော်ရေ . . . ခန္ဓာက ဒုက္ခသစ္စာ၊ သူက သီးပွင့်တဲ့ ခုနင်က အိုက်လုံးကလေးကလည်း သူက သီးပွင့်လာတဲ့ အသီးကလေး ဖြစ်သောကြောင့် ဒုက္ခပင်က ဒုက္ခသီးတာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် . . . (ဒုက္ခပင်က ဒုက္ခသီးလာတာပါဘုရား)။

## သီးမှန်းသိတာက၊ မဂ္ဂသစ္စာ

ဒုက္ခပင်က ဒုက္ခသီးလာတာကို ဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဩော် . . . သီးလာတာကလေးက၊ ခုမှ ပေါ်လာတာကလေးက ဒုက္ခသစ္စာ . . . (မှန်ပါ့) သီးမှန်းသိတာ ကလေးက . . . (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာကလေး ဖြစ်နေတော့ ဩော် . . . ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ဒကာဒကာမတွေက သိနေအောင် ဆရာဘုန်းကြီးက ပြောထားတယ် . . . (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိနေတော့တယ် ဆိုတာ မှားသေးသလား . . . (မမှားပါဘုရား)။

ကိုင်း . . . မောင်ဘသော်တို့ သစ္စာအရှာ ခက်သလားလို့ ဆိုလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ . . . (မခက်ပါဘုရား)။

ခန္ဓာက ဘာပေါ်လာလာ သစ္စာမှတစ်ပါး မပေါ်ပါဘူး. . . (မှန်ပါ့ဘုရား)။

ခန္ဓာက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) သူ့အထဲထဲက ဘာပေါ်လာလာ ထူးထူးခြားခြား ပေါ်လာတာ ဘာသစ္စာပေါ်မှာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပေါ်မှာပဲဆိုတာ ဒကာဒကာမတွေ သိထားပြီ . . . (မှန်ပါ့)။

## အိုက်လုံးကလေး ပျောက်သွားတယ်

တကယ်လို့ ပေါ်ပြီးသားကလေး ချုပ်သွားပြန်တော့ အိုက်လုံးကလေး ပျောက်သွားပြန်တော့လည်း၊ ဟ . . . ဘာကလေး ချုပ်သွားတာတုံးလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . (ဒုက္ခချုပ်သွားတာပါဘုရား)။

ဟာ . . . ဒါဖြင့် ဒကာကြွယ် နေရာကျပြီ . . . (မှန်ပါ့) ဒကာသစ် နေရာကျပြီ၊ ဘယ့်နှယ်ကြောင့် နေရာကျပါလိမ့်မလဲလို့ ဆိုတော့၊ သြော် . . . ကိုယ့်ခန္ဓာထဲမှာ ခန္ဓာက ဒုက္ခပင်၊ သီးသန့် ပေါ်လာတာကလေးက ပူတုန်းမှာ အိုက်လုံး ဒုက္ခဝေဒနာကလေး ပေါ်လာတယ် . . . (မှန်ပါ့) အဲဒီတော့ ခန္ဓာဒုက္ခပင်က သီးပွင့်လာတာက ဒုက္ခဝေဒနာကလေးပဲ၊ ဒုက္ခစိတ်ကလေးပဲ သီးပွင့်လာတော့ ဒုက္ခဖြစ်တာကိုး . . . (မှန်ပါ့)။

ဒီစိတ်ကလေး အခုမှ ပေါ်လာတဲ့ အိုက်လုံးကလေးဟာ ဒုက္ခဖြစ်တာပဲ . . . (မှန်ပါ့) ဒီအိုက်လုံးကလေး ပျောက်သွားတဲ့ အခါကျတော့ ဘယ့်နှယ်ဆိုကြမလဲ . . . (ဒုက္ခပျောက်တာပါဘုရား) ဒုက္ခပျက်တာ . . . (မှန်ပါ့) ပေါ်လာတဲ့ အခါကျတော့ . . . (ဒုက္ခဖြစ်တာပါဘုရား)။

ပျက်သွားတဲ့အခါကျတော့ . . . (ဒုက္ခပျက်သွားတာပါဘုရား)။

## ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာရှိတယ်

ဒုက္ခပျက်တာဆိုတော့ ဩော် . . . ခန္ဓာကိုယ်ထဲမှာ ဒုက္ခဖြစ်၍ ဒုက္ခပျက်သည်သာရှိမှာပဲ . . . (မှန်ပါ့ဘုရား)။

ဒုက္ခဖြစ်၍ . . . (ဒုက္ခပျက်တာသာရှိပါတယ်) ဒုက္ခပျက်တာသာ ရှိတော့ ခန္ဓာထဲက အခုအိုက်လုံး ပေါ်တယ်၊ တော်တော်ကြာ ချမ်းသာလုံးကလေး ပေါ်လာပြန်တော့၊ ခန္ဓာက ပေါ်လာတာ ဖြစ်သောကြောင့် ချမ်းသာလို့သာ သုံးစွဲလိုက်ရတာ ဒုက္ခပေါ်တာပဲ . . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒုက္ခလို့ ပြောရပါလိမ့်မတုံးလို့ မေးလုံးထုတ်တဲ့အခါကျတော့မှ ဩော် . . . ခန္ဓာက ဒုက္ခသစ္စာ၊ သူက သီးသန့်ပေါ်လာတော့ သုခတော့ မသီးနိုင်တော့ဘူး . . . (မှန်ပါ့ဘုရား)။

## ချမ်းသာလုံးလည်း ဒုက္ခပေါ်လာတာ

ဒါဖြင့် ချမ်းသာလုံးကလေး ပေါ်လာလည်း ဒုက္ခပေါ်လာတာ . . . (မှန်ပါ့) ပျက်စီးသွားပြန်တော့လည်း . . . (ဒုက္ခပျက်တာပါဘုရား)။

ဒါဖြင့် ဒုက္ခပေါ်လို့ ဒုက္ခပျက်တာ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ခန္ဓာဉာဏ်စိုက်လိုက်တဲ့ အခါကျတော့ ဖြစ်လိုက်၊ ပျက်လိုက်နဲ့ စိတ်ကလေးပေါ်လည်း ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ . . . (မှန်ပါ့ဘုရား) ဝေဒနာကလေး ပေါ်ပြန်ကော . . . (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပါပဲဘုရား)။

ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲဆိုတာ ဘယ်နေရာ ဘာပေါ်ပေါ် ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာပေါ်တော့ မောင်ဘသော်က မယုံမရှိပါနဲ့ . . . (မှန်ပါ့) အားလုံး ဒကာ ဒကာမတွေက မယုံမရှိပါနဲ့ . . . (မှန်ပါ့) ပင်ကိုခန္ဓာက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ပေါ်လာတဲ့ အသီးအပွင့်ကလေးတွေက ဘာသစ္စာဆိုကြမလဲ . . . (ဒုက္ခသစ္စာပါပဲဘုရား)။

ဒီက ပြောလိုက်တော့မှ ဩော် . . ဟုတ်သားပဲ ဒို့က မျက်စိလည်နေတာ . . . (မှန်ပါ့) ခန္ဓာက ဒုက္ခသစ္စာ၊ သူ့ အထဲက ဘာပေါ်လာလာ ထူးထူးခြားခြား ပေါ်လာရင် ဒုက္ခ သာ ပေါ်မှာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အသုဘကောင်ကြီး

အသုဘကောင်ကြီးလည်း ခန္ဓာကိုယ်ကြီးဟာ အသုဘ ကောင်မှန်း သိသွားတော့၊ တံတွေးထွေးလည်း အသုဘကလေး ထွက်လာတယ် . . . (မှန်ပါ့) နှပ်ကလေး ညှစ်လိုက်ပြန်ကော

. . . (အသုဘကလေး ထွက်လာပါတယ်) ကျင်ကြီးကလေး စွန့်လိုက်ပြန်ကော . . . (အသုဘကလေး ထွက်လာပါတယ်) ချွေးကလေး ထွက်လာပြန်လည်း . . . (အသုဘကလေး ထွက်လာပါတယ်) ဟာ . . . ဘာဖြစ်လို့တုံး ဒီဥစ္စာ၊ အို . . နဂိုက အသုဘကောင်မို့ အသုဘတွေ အပြင် ထွက်တာပေါ့ . . . (အသုဘကလေး ထွက်လာပါတယ်)။

## ခန္ဓာထဲက ဘာပေါ်ပေါ်၊ ဒုက္ခသစ္စာ

ဒီမှာလည်း နဂိုက ခန္ဓာကြီးက ဘာသစ္စာ . . . (ဒုက္ခသစ္စာ) ဒါဖြင့် သူ့အထဲက ဒုက္ခကလေး ပေါ်လာလည်း ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ဒကာကြွယ် . . . ချမ်းသာတယ်လို့ ထင်တဲ့ သုခကလေး ပေါ်လာလည်း (ဒုက္ခသစ္စာပါ) အလတ်စား ဥပေက္ခာဆိုတာကလေး ပေါ်ရင်ကော . . . (ဒုက္ခသစ္စာပါဘုရား) ပျက်သွားပြန်ရင်တော့ကော . . . (ဒုက္ခပျက်တာပါဘုရား) ဒါဖြင့် ခုနင်က အသုဘထဲက အသုဘထွက်ပြတယ် . . . (မှန်ပါ့)။

ခန္ဓာက ဒုက္ခသစ္စာမို့ သူက ထူးထူးခြားခြားပေါ်လာတာကို ဒုက္ခသစ္စာမှ တစ်ပါးဘာမှမရှုကြပါနဲ့ . . . (မှန်ပါ့) ဒါပဲ ရှုပါဆိုတာဖြင့် လေးစားစွာနဲ့ပဲ ခိုင်မြဲအောင် သတိပေးလိုက်ပါ

တယ် . . (မှန်ပါ) ဒကာကြွယ် ရှင်းပြီနော် . . . (ရှင်းပါပြီ)။

ဟိုတုန်းကတော့ ဒုက္ခသစ္စာဆိုတာ ဒကာဒကာမတွေက တော်တော်ခဲခဲယဥ်ယဥ်း ရှာရလိမ့်မယ်လို့ အောက်မေ့နေတာ၊ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာသိမှ ကိုယ့်ခန္ဓာက ထူးထူးခြားခြား ပေါ်လာတာလည်း တခြားတရား မဟုတ်ဘူး၊ ဒုက္ခသစ္စာသာ ရှိတယ်ဆိုတာ ရှင်းသွားပြီ . . . (ရှင်းပါပြီ) မရှင်းသေးဘူးလား . . . (ရှင်းပါပြီ) မရှင်းသေးဘူးလား . . . (ရှင်းပါပြီဘုရား)။

## သရက်ပင်က သရက်သီးပဲ သီးမယ်

ဟာ . . . သရက်ပင်က သီးရင် ဘာအသီးသီးမတုံး . . . သရက်သီးသီးမှာပေါ့ . . . (မှန်ပါ့)။

သရက်ပင်က ဘာအရွက် ထွက်မတုံးဆိုရင် . . . (သရက်ရွက်ထွက်မှာပါဘုရား) သူ့နာမည်နဲ့ အလိုက်ချည်းထွက်တယ် . . . (မှန်လှပါဘုရား)။

ဒီမှာလည်း ဒုက္ခပင်က ပေါ်လာတော့ ဘာစိတ်ပေါ်ပေါ် ဘာရုပ်ပေါ်ပေါ် ဘာဆိုကြမလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

အေး . . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီသစ္စာတစ်လုံးကို ခန္ဓာထဲက ပေါ်တိုင်း, ပေါ်တိုင်း ဒုက္ခသစ္စာမှ

ဘစ်ပါး ဘာမှမပေါ်ဘူး . . . (မှန်ပါ့) အဲဒီပေါ်လာတိုင်း, ပေါ်လာတိုင်း သိတာကလေးဟာ ဘာခေါ်ကြမယ် . . . (မဂ္ဂသစ္စာပါဘုရား)။

## ပေါ်တိုင်းသိတာက မဂ္ဂသစ္စာ

ဒါဖြင့် ဒုက္ခသီး, ဒုက္ခပွင့်တွေက, ဒုက္ခသစ္စာ . . . (မှန်ပါ့) ပေါ်လာတိုင်း ပေါ်လာတိုင်းသိတာက . . . (မဂ္ဂ သစ္စာပါ ဘုရား)။

မဂ္ဂသစ္စာဖြစ်နေတော့ ဒကာဒကာမတို့ မဂ်ရကြပြီ၊ ပေါ်တိုင်း ပေါ်တိုင်းသိလို့ရှိရင် မဂ်ကိုယ်တိုင်သိတယ် . . . (မှန်ပါ့ဘုရား) ပေါ်တိုင်းသိရင် . . . (မဂ်ကိုယ်တိုင်သိပါတယ် ဘုရား) ပေါ်တိုင်း မသိရင် အဝိဇ္ဇာကိုယ်တိုင်သိတယ် . . . (မှန်ပါ့)။

ပေါ်တိုင်းမသိရင် . . . (အဝိဇ္ဇာကိုယ်တိုင်သိပါတယ်) ပေါ်တိုင်းသိရင် . . . (မဂ်ကိုယ်တိုင်သိပါတယ်ဘုရား)။

**အဲဒါ ဒကာဒကာမတို့ မဂ်ဟာ ဆုတောင်းယူတာလား . . . ဒုက္ခပေါ်တိုင်း သိရတာလား . . . (ဒုက္ခပေါ်တိုင်း သိရ ဘာပါဘုရား)။**

## ဘုရားမှာ ဆုတောင်းလို့မရဘူး

အဲဒါကြောင့် ရှေးအသုံးအနှုန်းဖြစ်တဲ့ ဝဋ်ဘဝတိုတို့နဲ့ မဂ်ဖိုလ်ရ, ရပါလို၏လို့ သွားပြီး မတောင်းနဲ့ . . . (မှန်ပါ့)။

ရကိုမရဘူး . . . (မှန်ပါ့) ပေါ်တိုင်းသိမှ ရတာ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ပေါ်တိုင်းသိမှ . . . (ရပါတယ်ဘုရား) ပေါ်တာက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား) သိတာက . . . (မဂ္ဂသစ္စာပါဘုရား)။

အဲ . . . ပေါ်တိုင်းသိမှ မဂ်ရတာ၊ ဒကာ ဒကာမတွေက ဆုတောင်းပြည့်ဘုရား သွားတောင်းလိုတောင်းဟုတ်လား . . . (မှန်ပါ့)။

ကိုယ့်ဟာကိုယ် တိတ်တိတ်တောင်းလိုတောင်း . . . တဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ, ရပါလို၏ ဆိုတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟာ ဒုက္ခသိမှ ပေါ်တာ . . . (မှန်ပါ့ဘုရား) ဒုက္ခမသိရင် . . . (မပေါ်ပါဘုရား)။

ဒကာကြွယ် ကောင်းကောင်းရှင်းပလား . . (ရှင်းပါပြီ) ဆုတောင်းအလုပ်လားတဲ့ . . . ပေါ်တိုင်းသိရမည့် အလုပ် လား . . . (ပေါ်တိုင်းသိရမည့်အလုပ်ပါဘုရား)။

## ခန္ဓာကြီးက ဒုက္ခသစ္စာ

သေသေချာချာမှတ်ပါ၊ ဒီနေ့ တရားဟာ ဒကာ ဒကာမ ဘို့ ပြော် , ဒို့ခန္ဓာကြီးဟာ ဒုက္ခသစ္စာ၊ သူ့ထဲက အိုက်တာ ခပေါ်ပေါ်၊ ချမ်းသာတာလေး ပေါ်ပေါ်၊ အလတ်စားပေါ် သာလာ၊ အိပ်ချင်တာကလေး ပေါ်လာလာ၊ ဝမ်းမြောက်တာ ကလေး ပေါ်လာလာ၊ ပေါ်ချင်တာပေါ် ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပဲဆိုတာ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဟ . . . ဒီ ဒုက္ခသစ္စာကလည်း ဒကာဒကာမတို့ ပေါလှချည်လား၊ တပည့်တော်ခန္ဓာကိုယ်ထဲက ပေါ်တိုင်း ထူးထူးခြားခြား ပေါ်တာ ဆရာဘုန်းကြီးက ဒုက္ခသစ္စာလို့ ဟောနေတယ်ဆိုပြီး ဘုန်းကြီးအပေါ် အပြစ်မတင်လိုက်ပါနဲ့၊ ပင်ကို မွေးထားတဲ့ ခန္ဓာကြီးက ဘာသစ္စာတုံး . . . (ဒုက္ခ သစ္စာပါဘုရား)။

ဒါဖြင့် သူက သီးပွင့်ပြီး ယခု ဖြာထွက်လာတာတွေ ဘယ့်နှယ်ဆိုကြမလဲ . . . (ဒုက္ခသစ္စာတွေပါပဲ ဘုရား)။

ဟာ . . . ဒါတွေဟာ အမိရင်းဘက်ပါပြီ . . . (မှန်ပါ့) မောင်ဘသော် အမိရင်း ဘယ့်နှယ်တုံး . . . (အမိရင်းဘက် ပါပါတယ်) ငြင်းစရာ ရှိသေးလား . . . (မရှိပါဘုရား)။

မွေးကတည်းက ခန္ဓာကိုယ်ကြီးက ဇာတိပိ ဒုက္ခသစ္စံ

ဆိုတော့ ဇာတိခန္ဓာကြီးက ဒုက္ခသစ္စာရလာတော့ သူက ပေါက်ပွားလာတာတွေ ဘာသစ္စာများ ပေါက်ပွားလာမတုံး . . . (ဒုက္ခသစ္စာ ပေါက်ပွားလာမှာပါဘုရား)။

ဒါဖြင့် ခန္ဓာထဲမှာ ဘယ်စိတ်ပေါ်ပေါ် ဒုက္ခသစ္စာရှု . . . (မှန်လှပါ) ပေါ်ချင်တာပေါ် . . . (ဒုက္ခသစ္စာပါဘုရား) ဘာရုပ်တွေ ပေါ်ပေါ်၊ အေးတဲ့ရုပ်တွေ ပေါ်တယ်၊ ပူတဲ့ ရုပ်တွေပေါ်တယ် ပေါ်ချင်တာပေါ် ဘာရှုနေမလဲ . . . (ဒုက္ခသစ္စာ ရှုနေပါမယ်ဘုရား) ဒုက္ခသစ္စာပဲ ရှုလိုက်ပါဆိုတာ ကိုဖြင့် ဒကာဒကာမတွေ လွဲစရာကော ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

မေးလာတုန်းက ဘာသစ္စာမေးသလဲ . . . (ဒုက္ခသစ္စာ မေးပါတယ်ဘုရား)။

အို . . . ပဋိစ္စသမုပ္ပါဒ် အကျိုးရပြီ၊ ရ-ထားတဲ့ ပုဂ္ဂိုလ်များ နောက်ဘဝက အဝိဇ္ဇာတဏှာကြောင့် ဒီဘဝ ခန္ဓာငါးပါး ဒုက္ခ သစ္စာတရားကြီး ရ-ထားတယ်ဆိုတာကလည်း၊ ၂-နံပါတ်မှာ ဒုက္ခသစ္စာမှတစ်ပါး ဘာများပါသေးသတုံး . . . (ဘာမှမပါ ပါဘုရား)။

**မဗ္ဘာနုပဿနာ**

ဘာမှ မပါတော့ အခုမျက်လုံးမြင်တဲ့ စိတ်ကလေး ပေါ်လာတယ် ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ) နားကြားတဲ့

စိတ်ကလေး ပေါ်လာတယ် . . . (ဒုက္ခသစ္စာပါဘုရား) နှာခေါင်းက ရှူချင်, ရှိုက်ချင်တဲ့စိတ်ကလေး ပေါ်လာတယ် . . . (ဒုက္ခသစ္စာပါဘုရား) အို . . . ဒီခန္ဓာကြီးက နဂိုက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) သူ့အထဲက သီးပွင့်ကလေးတွေ ပေါက်ပွားလာတာကလေးတွေ ဘာခေါ်ကြမယ် . . . (ဒုက္ခသစ္စာပါဘုရား)။

အေး . . . ဒါကြောင့် ပေါ်ရာကို ကြည့်ရင် သစ္စာငဲ တွေ့မယ်၊ ဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ဆိုပါတယ် . . . (မှန်ပါ့ဘုရား)။

ဘာတဲ့ . . . (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ) ဓမ္မတွေ ရှုလို့ ဓမ္မာနုပဿနာ သတိပဋ္ဌာန် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အေး . . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သစ္စာရှာ ခန္ဓာမှာ တွေ့ပါတယ် . . . (မှန်ပါ့)။

## သစ္စာရှာ ခန္ဓာမှာတွေ့မှ အဖိုးတန်တယ်

အေး . . . တရားရှာ ခန္ဓာတွေ့ဆိုတဲ့စကားက နည်းနည်းကလေး အောက်တန်းကျတယ် . . . (မှန်ပါ့) သစ္စာရှာ ခန္ဓာမှာတွေ့မှ အဖိုးတန်တယ် . . . (မှန်ပါ့)။

သစ္စာရှာရင် . . . (ခန္ဓာတွေ့မှ အဖိုးတန်ပါတယ်)

အဲဒီတော့မှ သစ္စာက ဒုက္ခသစ္စာ၊ တွေ့တာက . . . (မဂ္ဂသစ္စာပါဘုရား)။

ခန္ဓာထဲပေါ်လာတာက . . . (ဒုက္ခသစ္စာပါ) တွေ့တာဟူသ၍က . . . (မဂ္ဂသစ္စာပါဘုရား)။

အဲ. . . ဒါကြောင့် ဒကာဒကာမတို့ မင်္ဂဟာ ဆုတောင်း အလုပ်လား . . . ဒုက္ခတွေ့အောင်ရှာတဲ့ အလုပ်လား . . . (ဒုက္ခတွေ့အောင်ရှာတဲ့အလုပ်ပါဘုရား)။

ဒုက္ခကလည်း အထူးရှာရတာလား၊ သူပေါ်လာတာ ဖမ်းကြည့်ရုံပဲလား . . . (သူပေါ်လာတာ ဖမ်းကြည့်ရုံပါဘုရား)။

## မင်္ဂရတဲ့ပုဂ္ဂိုလ်တွေ

အဲ . . . သူပေါ်လာတာ ဖမ်းကြည့်လိုက်လို့ရှိရင်ဖြင့် ပေါ်လာတာက ဒုက္ခသစ္စာ၊ ဖမ်းကြည့်တာက မဂ္ဂသစ္စာ . . . (မှန်ပါ့) ဆိုတော့ ဒကာဒကာမတွေ ဒီနေရာကလေးမှာ တပည့်တော်တို့ ဘုရား . . . ပေါ်လာတာ ဒုက္ခသစ္စာ၊ ပေါ်လို့ ပေါ်တိုင်း ပေါ်တိုင်းသိနေတာကလေးက မဂ္ဂသစ္စာဆိုတော့ တပည့်တော်တို့ မင်္ဂရတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ဆိုတာကို ကောန် မှတ်ထားလိုက်တာပေါ့ . . . (မှန်ပါ့)။

ကောန် မှတ်ပြီးသည့်နောက် အကျိုးကလေး ဘုန်းကြီးက ဒကာဒကာမတွေ ရှင်းပေးပါဦးမယ် . . . (မှန်ပါ့)။

## ဘယ်လိုအကျိုးထူးသလဲ

အကျိုးတရားကလေး ဘယ်လို အကျိုးထူးသလဲဟော့ ဆိုတော့ ဒကာဒကာမတွေ ပေါ်လာတာက ဒုက္ခသစ္စာ၊ ပေါ်တိုင်းကြည့်မိတာက . . . (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဖြစ်သွားတော့ ဩော် . . . ဒကာဒကာမတွေမှာ ရှေးအခါတုန်းကတော့ ဒုက္ခကလေး ပေါ်လာတယ်၊ ယားတယ်၊ အိုက်တယ်ဆိုပြီး ပေါ်လာတယ်ဆိုပါတော့ . . . (မှန်ပါ့) ဩော် . . . ဖြစ်မှုဖြစ်ရပလေဆိုပြီးသကာလ ဒေါမနဿ လိုက်သေးရဲ့လား . . . (မလိုက်တော့ပါဘုရား)။

ဒေါမနဿ မလိုက်တော့ ဩော် . . . ဒေါသသေစေတာလည်း မင်္ဂပဲ . . . (မှန်ပါ့) သဘောကျကြပလား . . . (ကျပါပြီ)။

## ဒေါသကို သေစေတာလည်းမင်္ဂပဲ

ဒေါသသေစေတာ . . . (မင်္ဂပါဘုရား) အင်း . . . မရှုတဲ့ ပုဂ္ဂိုလ် သေပါ့မလား . . . (မသေပါဘုရား) ပေါ်တာ မသိတဲ့ ပုဂ္ဂိုလ်ဖြင့် . . . (မသေပါဘုရား)။

မသေပါဘူးလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ပေါ်တာ သိပြီးသကာလ နေတဲ့အတွက် ဒေါသကနောက်က လိုက်သေးရဲ့လား . . . (မလိုက်ပါ) ပေါ်တာက ဘာသစ္စာ

. . . (ဒုက္ခသစ္စာပါဘုရား)။

သိတာက . . . (မဂ္ဂသစ္စာပါဘုရား) အဲ . . . သေတာက ဒေါသ. . . (မှန်ပါ့ဘုရား)။

သေတာ . . . (ဒေါသပါဘုရား) သြော် . . . ဒါဖြင့် ဒေါသဖြင့် သေသွားပြီ . . . (မှန်ပါ့) ဒေါသသေတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ခါတိုင်းတော့ဖြင့် ဒုက္ခဖြစ်တယ်ဆို နောက်က ဒေါသလိုက်တယ် . . . (မှန်ပါ့) အခုတော့ ဒုက္ခဖြစ်တယ်ဆိုရင် နောက်က မဂ်လိုက်တယ် . . . (မှန်ပါ့)။

## အကုန်အပါယ်တံခါးပိတ်ပါပြီ

ဒုက္ခဖြစ်တာ ဒကာကြွယ် . . . (မဂ်လိုက်ပါတယ်ဘုရား) ဒါက ခင်ဗျားတို့ အကုန်သာသနာတွင်းရောက်လို့ အကုန်အပါယ် တံခါးပိတ်ပါပြီ . . . (မှန်ပါ့ဘုရား) သိပ်အဖိုးတန်သွားပြီ . . . (အဖိုးတန်ပါပြီဘုရား)။

မောင်ဘသော် နာရီဝက်နီးပြီကွ၊ အတော် အဖိုးတန်ပြီ . . . (တန်ပါပြီဘုရား) အင်မတန် အဖိုးတန်သွားပြီ . . . (မှန်ပါ့)။

## အပါယ်တံခါးပိတ်တယ်ဆိုတာ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အားလုံးပဲ ခင်ဗျားတို့ ဆရာကောင်း, သမားကောင်းကလည်း ကြုံ၊ ခင်ဗျားတို့ ဆန္ဒကလည်း ပြင်းပြခြင်းကြောင့် သြော် . . . အပါယ်တံခါးပိတ်တယ်ဆိုတာ ဒေါသ မလာတာဆိုတာကိုး . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

## ဒေါသမလာတာ

အပါယ်တံခါးပိတ်တယ်ဆိုတာ ဘာပါလိမ့် . . . (ဒေါသမလာတာဆိုတာပါဘုရား)။

ဒေါသမလာရုံမကသေးပါဘူး ဒကာကြွယ် . . . (မှန်ပါ့ဘုရား) ခန္ဓာကိုယ်ထဲမှာ အိုက်လုံးကလေး ပေါ်လာတယ် . . .၊ အိုက်လုံးကလေး ဘာသစ္စာ . . (ဒုက္ခသစ္စာပါဘုရား) သိတာက . . . (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် မင်္ဂလိုက်လာတော့ကို ဒကာဒကာမတွေက အင်း . . . အိုက်လိုက်တာ ဘယ်တော့များ အေးပါ့မတုံး ဆိုတဲ့ တောင့်တတဲ့ တဏှာက လာသေးသလား . . . (မလာပါဘုရား) အင်း . . . မင်္ဂသာ လိုက်နေတယ် . . . (မှန်ပါ့)။

## လောဘမလာတာ

အိုက်တာကလေးက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဆိုတော့ ခုနင်က အိုက်တာကလေး ဘယ်တော့မှ ပျောက်ပါ့ မလဲဆိုတဲ့ တဏှာလာသေးရဲ့လား . . . (မလာပါဘုရား)။

ဪ . . . ဒါဖြင့် တဏှာလည်း သေသွားပြီ . . . (သေသွားပါပြီ ဘုရား)။

အိုက်လာတာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား) သိတာက . . . (မဂ္ဂသစ္စာပါဘုရား) သေတာက သမုဒယ သစ္စာ . . . (မှန်ပါ့) တဏှာသေသွားတော့ . . . ဘာသစ္စာ တဲ့တုံး (သမုဒယသစ္စာပါဘုရား) သမုဒယ သေသွားတာ . . . (မှန်ပါ့)။

ခုနင်က ဒေါသ သေသွားတယ် . . . (မှန်ပါ့) အခု လောဘ သေပြန်ပြီ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဪ . . . ဒကာဒကာမတို့ မောဟသေပုံကလေး ရှင်းပေးပါဦးမယ် . . . (မှန်ပါ့)။

အိုက်လုံးကလေးဟာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာ ပါဘုရား) အိုက်တာကလေးဟာ ဪ . . . ဒုက္ခပဲ၊ ဒုက္ခဖြစ်၍ ဒုက္ခ ပျက်တာပဲလို့ သိပေးတာကလေးက . . . (မဂ္ဂသစ္စာပါဘုရား)။

## မောဟ မလာတာ

ဒါဖြင့် ဒုက္ခသစ္စာကို မဂ္ဂသစ္စာဆိုတဲ့ ဝိဇ္ဇာနဲ့ သိသောကြောင့် အဝိဇ္ဇာချုပ်ပြန်တယ် . . . (မှန်ပါ့) ဘာချုပ်သွားသလဲ . . . (အဝိဇ္ဇာချုပ်ပါတယ်ဘုရား) ဟာ . . . ဒါ အဝိဇ္ဇာ ဆိုတာ မောဟပဲ . . . (မှန်ပါ့)။ ဒကာဒကာမတို့ မောဟလာသေးရဲ့လား . . . (မလာပါဘုရား)။

ဒါဖြင့် တစ်လုံးတည်း သိလိုက်တာနဲ့ လောဘ, ဒေါသ, မောဟ သေတယ် . . . (မှန်ပါ့)။

**အိုက်လုံးကလေး တစ်လုံးကို ဒုက္ခသစ္စာလို့ သိလိုက်တာနဲ့ လောဘကော . . . (သေပါတယ်ဘုရား) ဒေါသကော . . . (သေပါတယ်ဘုရား) ဒကာကြွယ် . . . မောဟကော . . . (သေပါတယ်ဘုရား)။**

## လောဘ၊ ဒေါသ၊ မောဟ ချုပ်ငြိမ်းတယ်

ဒါဖြင့် လောဘ, ဒေါသ, မောဟတို့၏ ချုပ်ငြိမ်းရာ ဘာပါလိမ့်မတုံး . . . (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန် ဆိုတာ သေသေချာချာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကြည့်စမ်း ဒကာဒကာမတို့ အိုက်လုံးတစ်လုံးကို ဒုက္ခသစ္စာလို့ သိလိုက်တဲ့အဖြစ်ဟာ ဘယ်နှစ်ခုသေသွားသတုံး . . . (သုံးခုသေပါတယ်ဘုရား) ဘယ်သူတွေပါလိမ့်ဗျာ . . . (လောဘ, ဒေါသ, မောဟ ပါဘုရား)။

လောဘ, ဒေါသ, မောဟဆိုတော့ ပဋိစ္စသမုပ္ပါဒ် ရှု ထားတဲ့ ပုဂ္ဂိုလ်များမှာ ဒကာဒကာမတို့ ကပ်ပြားရ, ထားတဲ့ ပုဂ္ဂိုလ်များမှာ အိမ်ကျတော့ ကြည့်ကြည့် . . .၊ အခုပဲ ကြည့်ကြည့်၊ ၃-နံပါတ် ဆိုတဲ့ တတိယအကွက်ဟာ တဏှာ, ဥပါဒါန်, ကံ၊ ဒေါသတို့, သောကတို့ လာတဲ့အကွက်၊ အဝိဇ္ဇာ သင်္ခါရလာတဲ့ အကွက်၊ လာနိုင်သေးရဲ့လား . . . (မလာနိုင် ပါဘုရား) မလာနိုင်တော့ဘူးဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အိုက်တာ ဒုက္ခသစ္စာ၊ သိတာ သည် . . . (မဂ္ဂသစ္စာပါဘုရား) သေတာက လောဘ, ဒေါသ, မောဟ . . . (မှန်ပါ့ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ မရောက်တော့ဘူး

သေတာက ဘာတဲ့ . . . (လောဘ, ဒေါသ, မောဟ ပါဘုရား) လောဘ, ဒေါသ, မောဟဆိုတော့ . . . ဒကာ ဒကာမတွေမှာ ဩော် . . . လောဘကြောင့် ပြိတ္တာဘုံ ရောက်ရတယ် . . .၊ ဒေါသကြောင့် ငရဲရောက်ရတယ်၊ မောဟကြောင့်တဲ့ တိရစ္ဆာန်တွေ ဖြစ်ရတယ်၊ လောဘကြောင့် တဲ့ ဥစ္စာစောင့်တွေ ဘာတွေ ဖြစ်ကြရတယ်ဆိုတော့ ဒေါသ ကြောင့် ငရဲသွားတယ်၊ မောဟကြောင့် တိရစ္ဆာန်ဖြစ်တယ်၊

လောဘကြောင့်ပြိတ္တာဖြစ်တယ်ဆိုတော့ ဒါတွေမှ မလာတော့ အပါယ်တံခါးမှ ပိတ်ပါ့မလားလို့ သံသယရှိဖို့ လိုသေးသလား . . . (မလိုပါဘုရား)။

## အပါယ်တံခါးမင်္ဂအသိက ပိတ်သွားပြီ

အပါယ်တံခါးအသိက ပိတ်သွားပြီ . . . (မှန်ပါ့) မဂ်အသိက ပိတ်သွားတယ် . . . (မှန်ပါ့)။

ဒကာဒကာမတို့ အပါယ်တံခါး ကိုယ်က သွားပြီး လက်ကလေးနဲ့ တွန်းလို့ ပိတ်တာလား၊ မဂ်အသိက ပိတ်တာလား . . . (မဂ်အသိက ပိတ်တာပါဘုရား)။ ဒါဖြင့် . . . ဒီအသိဟာ ဒကာဒကာမတို့ စက္ခုံဥဒပါဒိ . . . (မှန်ပါ့ဘုရား) စက္ခုံ = ပညာမျက်စိ မဂ်အသိသည်၊ ဥဒပါဒိ = ပေါ်လာ၏ . . . (မှန်ပါ့ဘုရား) ရှင်းရဲ့လား . . . (ရှင်းပါပြီဘုရား)။

ဪ . . . ဒါဖြင့် ဒကာဒကာမတို့ အခု တရားနာနေတာ နာရီဝက်သာသာကလေး ရှိသေးတယ်၊ ဒီအတိုင်းသာ သိနေလို့ ရှိရင်ဖြင့် သောကာနီးသိလည်း ပိတ်တာပဲ . . . (မှန်ပါ့) အခုသိလည်း အခုကနေပြီးသကာလ အပါယ်လေးပါး ငါသွားစရာ မရှိဘူးဆိုတာ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

## ကြီးကျယ်တဲ့အသိဉာဏ်ပေးတာ

ဒါကြောင့် ဒီအသိကလေး တစ်လုံးကိုဖြင့် ဘုန်းကြီးတို့က ဒကာဒကာမတွေ အကြီးဆုံးပဲ နိဗ္ဗာန်မဂ်ဖိုလ်ကို ပေးတာပဲ . . . (မှန်ပါ့) ယူဖြစ်အောင် ယူကြ . . . (မှန်ပါ့) လမ်းမှာ ချမပစ်ပါနဲ့၊ မေ့မပစ်ပါနဲ့ . . . (မှန်ပါ)၊ ဘုရားပွင့်မှ ပေါ်လာတဲ့သစ္စာကို (မှန်ပါ့)၊ ဘုရားပွင့်မှပေါ်လာတဲ့အသိကို . . . (မှန်ပါ) ဆိုတော့ ဒါ . . . နည်းနည်းနောနောလားလို့ မေးတဲ့အခါကျတော့ အလွန်ကြီးကျယ်တဲ့ အသိဉာဏ်ပါကလား၊ ဒီဉစ္စာ ဒီနေ့ပေးလိုက်တဲ့ဉစ္စာ တစ်ချက်ရှုလိုက်တာနဲ့ လောဘ, ဒေါသ, မောဟ အကုန်သေတယ် . . . (မှန်ပါ့) မသေဘူးလား ဒကာကြွယ် . . . . (သေပါတယ်ဘုရား)။

သေတော့ လောဘ, ဒေါသ, မောဟ မရှိတဲ့ ပုဂ္ဂိုလ် ဘယ်ကလာ အပါယ်သွားမှာတုံး . . . (မသွားပါဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ဇွဲကြီးကြီးနဲ့နာ

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ခဏခဏပဲ ဆရာဘုန်းကြီးကလည်း ကရုဏာ ကြီးကြီးနဲ့ ဟောနေတော့ ဒကာဒကာမတွေကလည်း ဇွဲကြီးကြီးနဲ့ နာနေတော့ ဩော် . . . ခန္ဓာက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) သူ့ထဲ

ပေါ်လာတဲ့တရားတွေက ဘာသစ္စာပေါ်ရသလဲ . . . (ဒုက္ခသစ္စာပေါ်ရပါတယ်ဘုရား) ပျောက်သွားပြန်လည်း ဒုက္ခသစ္စာပျောက်သွားတယ် . . . (မှန်ပါ့)။

ဒါဖြင့် ပေါ်လည်း ဒုက္ခသစ္စာ . . . (မှန်ပါ့) ပျက်တာကော . . . (ဒုက္ခသစ္စာပျက်တာပါဘုရား) ဟာ . . . ဒကာကြွယ် ရှင်းပြီနော် . . . (မှန်ပါ့)။

ခန္ဓာထဲက ပေါ်သ၍ဖြင့် ဒကာကြွယ်ရ ဘာပဲ ပေါ်ပေါ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

ဟာ . . . မင်းတို့ အလွဲ ဆုံးဖြတ်ချက်ချလိုက်ရင် အတော်နစ်နာမယ် . . . (မှန်ပါ့) ဘာကြောင့်တုံး . . . ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာပင်ကြီးက ဒုက္ခသစ္စာဆိုရင် သူက သီးပွင့်လာမှ သုခဖြစ်ချင်လို့တော့ မဖြစ်နိုင်ဘူး . . . (မှန်ပါ့) ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘုရား)။

## သစ္စာဆိုတာခန္ဓာပါလား

အေး. . . ဒါတွေကို ရေရေလည်လည် ပိုင်ပိုင်နိုင်နိုင်ကြီးသိရတော့မှ သြော် . . . သစ္စာဆိုတာခန္ဓာပါလား . . . (မှန်ပါ)။

ခန္ဓာထဲက ထူးထူးခြားခြား ပေါ်လာပြန်လို့ရှိရင်လည်း သစ္စာထဲ ထည့်ရမယ် . . . (မှန်ပါ)။ ဒုက္ခပင်ကသီးလို့ရှိရင်ဖြင့်

သုခသီး သီးမှာလား . . .၊ ဒုက္ခသီးသီးမှာလား . . . (ဒုက္ခသီး သီးမှာပါဘုရား)။

## ဒုက္ခသစ္စာဖြစ်၍ဒုက္ခသစ္စာပျက်တယ်

ဒုက္ခသီး သီးမယ်ဆိုတာ သေချာကြပြီလား၊ ဒါကြောင့် ယားတယ်၊ ဒုက္ခသစ္စာဖြစ်ပျက်၊ နာလည်း ဒုက္ခသစ္စာဖြစ်ပျက်၊ ဟုတ်လား ကောင်းတဲ့စိတ်ကလေးပေါ်လာလည်း ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာပျက်တာပဲ။

ဒီအတိုင်းသာ ရှုပြီးသကာလ ဒကာ ဒကာမတွေ ဘုရားရှိခိုးတဲ့စိတ်ကလေးပေါ်လာပြန်၊ အင်း. . . ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ . . . (မှန်ပါဘုရား)၊ ခန္ဓာထဲက ပေါ်လာတာကိုး . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ပေးချင် ကမ်းချင်တဲ့စိတ်ကလေးပေါ်လာပြန်တော့ကော . . . (ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာပျက်တာပါဘုရား)။

ဒီစိတ်ကလေးပဲ ဒုက္ခရှိ၍ ဒုက္ခချုပ်တာပဲ ကြည့်လိုက် . . . (မှန်ပါ)။

## မေတ္တာထားတဲ့စိတ်

မေတ္တာထားတဲ့ စိတ်ကလေးပေါ်လာရင်လည်း ဘယ့်နှယ်ဆိုကြမယ် . . . ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ။

သူက သီးပွင့်လာတာကော ဘာသီး ဘာပွင့်လို့ ဆိုကြမယ် . . . (ဒုက္ခသီး ဒုက္ခပွင့်ပါဘုရား)။ ဒုက္ခသီး ဒုက္ခပွင့်မှ ဘစ်ပါး တခြားပါသေးသလား . . . (မပါ ပါဘုရား)။

ဒါတွေသိတော့မှ ဩော် . . . ဒို့ ဒီနေ့ ဆရာဘုန်းကြီးက ဟောလိုက်တာ အရင်းကိုင်ပြီးသကာလ၊ ဒို့သံသယရှိတာတွေဖြင့် ဒို့က ကုသိုလ်စိတ်ကလေးပေါ်တာကိုလည်း ဖြစ်ကောင်းကလေးလို့ အောက်မေ့တယ်။

ကောင်းတော့ကောင်းပါရဲ့ သို့သော်လည်း သစ္စာထဲဝင်တော့ . . ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ . . . (မှန်ပါဘုရား)။

## ကောင်းပေမယ့်ဘာသစ္စာတုံး

မေတ္တာပို့တဲ့စိတ်ကလေးပေါ်တာပဲ၊ စိတ်တော့ကောင်းပါတယ်တဲ့၊ ကောင်းပေမယ့် သူ့ပင်ကိုသဘောက ဘာသစ္စာတုံး . . . (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပါဘုရား)။

ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲရှိတာပဲ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဘုရားက "သံခိတ္တေန - မင်းတို့တစ်ကိုယ်လုံး ငါအကုန်ပြောရမှာဖြင့်၊ ပဉ္စုပါဒါ-နက္ခန္ဓာ - ခန္ဓာငါးပါး စလုံး၊ ဒုက္ခသစ္စံ - ဒုက္ခသစ္စာလို့ ဘုရားက ဒီလောက်ဟောထားပါလျက်နဲ့၊ ခင်ဗျားတို့က စိတ်ကောင်းကလေးပေါ်လာလို့ ကျုပ်

တော်သေးတယ်၊ ဒကာကြွယ်က ကြွားလုံးများထုတ်ချင်သေးတယ်။

ဘယ်စိတ်ကောင်းပေါ်လာရမတုံး၊ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

အေး . . . သာမညပြောတော့ ဒါလေးက ကုသိုလ်စိတ်ကလေးပဲလို့ ကိုယ်ကဆိုပင်ဆိုရငြားသော်လည်း သစ္စာထဲသွင်းလိုက်တော့ ဘာသစ္စာပေါ်သတုံး . . . (ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား)။

အဲဒါကြောင့် ကုသိုလ်စိတ်လည်းဖြစ်ပျက်ရှုလို့ဆိုတော့ **"ဝိသ ရာဂ စိတ္တံ ဝိသရာဂစိတ္တန္တိပဇာနာတိ"** ပေ့. . . ကုသိုလ်စိတ်လည်းဖြစ်ပျက်ရှု။

## ဒုက္ခသစ္စာဘယ်မှာရှာကြမယ်

ဘာပြုလို့တုံး . . . ဒုက္ခသစ္စာမို့ . . . (မှန်ပါဘုရား) ဒကာကြွယ် ပို့ရှင်းတယ်၊ မရှင်းသေးဘူးလား. . . (ရှင်းပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတွေ ဒုက္ခသစ္စာဘယ်မှာရှာကြမယ် . . . (ခန္ဓာထဲရှာရမှာပါဘုရား)၊ ခန္ဓာထဲ ပေါ်လာသရွေ့ကိုလည်း ဘာသစ္စာလို့ရှု . . . (ဒုက္ခသစ္စာလို့ ရှုရမှာပါဘုရား)။

ခန္ဓာထဲမှာ ပေါ်လာသ၍ဟာလည်း ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ရှုတော့ အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုတဲ့ဉာဏ်က . . . (မဂ္ဂသစ္စာပါဘုရား)။

## ဆရာပေးတဲ့မျက်လုံး

မင်္ဂရတော့ စက္ခုဥဒပါဒိ . . . (မှန်ပါ့) စက္ခု = မင်္ဂ မျက်လုံးသည်၊ ဥဒပါဒိ = ဒကာဒကာမတို့ ခင်ဗျားတို့ သန္တာန်၌ ယနေ့ပေါ်လာ၏ . . . (မှန်ပါ့) မင်္ဂမျက်လုံးပေါ်တာ . . . (မှန်ပါ့ဘုရား)။

ဘာမျက်လုံးပေါ်လာတုံး . . . (မင်္ဂမျက်လုံးပေါ်တာပါ) အမေပေးတဲ့ မျက်လုံးလားလို့ ဆိုတော့ မဟုတ်ပါဘူးတဲ့၊ ဆရာပေးတဲ့ မျက်လုံးပေါ်တယ် . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါပြီဘုရား)။

## အမေပေးတဲ့မျက်လုံးက ဘာတုံး

အမေပေးတဲ့ မျက်လုံးက ဘာတွေ ပေးထားသတုံး ဆိုတော့ ဟောဒါ နင့်နှမလို့ မှတ်ထား၊ နင့်အမေလို့ မှတ်ထား၊ နင့်အဖေလို့ မှတ်ထား၊နင့်အဘိုးလို့မှတ်ထား . . (မှန်ပါ့) ဘာလဲ ဆိုတော့ ပညာသင်ပေးလိုက်တာ . . . (မှန်ပါ့) သစ္စာပရမတ်

ကို မသင်နိုင်ဘူး . . . (မှန်ပါ့ မသင်နိုင်ပါ) သဘောပါကြ ပလား . . . (ပါ,ပါပြီဘုရား)။

ကဲ. . . ဒါဖြင့် အမေပေးတဲ့ မျက်လုံးမဟုတ်ဘူး၊ ဆရာ ပေးတဲ့ မျက်လုံး . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီ ဘုရား)။

ဆရာပေးတဲ့ မျက်လုံးဆိုတော့ လောဘ, ဒေါသ, မောဟကင်းပြီ . . . (မှန်ပါ့) အမေပေးတဲ့ မျက်လုံးကတော့ ဟာ . . . ဒါ နှင့်အမျိုးဆို၊ ဟာ . . . ခင်တော့မှာပဲ အဘိုးလို့ အဘွားလို့ ခေါ်တော့မယ်၊ အမေပေးတဲ့ မျက်လုံးက ခင်လုံး, မင်လုံး, လာတယ် . . . (မှန်ပါ့) ချောက်လုံး, လှန့်လုံးကော . . . (လာပါတယ်ဘုရား)။

## သီလမျက်လုံးလောက် ပေးနေတာ

လာတယ်ဆိုတော့ ဒကာဒကာမတို့ အမေပေးတဲ့ မျက်လုံးကတဲ့၊ သီလမျက်လုံးလောက် ပေးနေတော့ . . . (မှန်ပါ့) ဟောဒါ ရှိသေတော့ဆိုတာ သီလမျက်လုံး . . . (မှန်ပါ့) ဟောဒီ အဘိုးတွေ အဘွားတွေက ခိုင်းရင် မင်း ဝေယျာ ဝစ္စလုပ်ပေးလိုက်ဆိုတော့ ဝေယျာဝစ္စသီလ မျက်လုံး တပ်ပေး လိုက်တယ် . . . (မှန်ပါ့ဘုရား)။

## ဆရာပေးတာ ပညာမျက်လုံး

ဆရာပေးတော့ ပညာမျက်လုံး . . . (မှန်ပါ့) အမေက ပေးတာက သီလမျက်လုံးကို ပေးတယ် . . . (မှန်ပါ့) မကွာဘူးလား . . . (ကွာပါတယ်ဘုရား)။

အမေကပေးတာက . . . (သီလမျက်လုံးပေးပါတယ်) ဆရာက ပေးတာက . . . (ပညာမျက်လုံး ပေးပါတယ်) ပညာမှ နိဗ္ဗာန်သွားနိုင်မယ်ဆိုတာကတော့ သေချာပလား . . . (သေချာပါပြီဘုရား)။

အေး . . . ဒါကြောင့် သီလလောက်နဲ့ မသွားနိုင်ဘူး၊ ပညာမှ သွားနိုင်သောကြောင့် ပညာမျက်လုံးကို အဆုံးထားပြီး အားကိုးရလိမ့်မယ် . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာကိုယ်ကြီးက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ) ကိုယ်ပေါ်မှာ ဘာပဲ ထူးထူးခြားခြား ပေါ်နေနေ ဘာသီး, ဘာပွင့်လို့ ဆိုကြမလဲ . . . (ဒုက္ခသီး, ဒုက္ခပွင့်ပါဘုရား)။

အဲ . . . ဒုက္ခသီး, ဒုက္ခပွင့်, ပွင့်တိုင်း ပွင့်တိုင်း မောင်ဘသော် ကြည့်ပေးပါ . . . (မှန်ပါ့) ကြည့်ပေးလိုက်တော့ ဒုက္ခပွင့်, ဒုက္ခသီးက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ) ကြည့်ပေးတာက . . . (မဂ္ဂသစ္စာပါဘုရား)။

ဟာ ... ဒါဖြင့် ဒါ မင်္ဂမျက်လုံးပေါ့ ... (မှန်ပါ့) စက္ခုံ = ပညာမျက်စိသည်၊ ဟုတ်လား ... (မှန်ပါ့) ဥဒပါဒိ = ပေါ်လာ၏ ဆိုတော့ ဆရာပေးတဲ့ မျက်လုံး ... (မှန်ပါ့ဘုရား)။

ဒီမျက်လုံးသည် ဒကာဒကာမတို့ စဉ်းစားကြည့်ပါတဲ့၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိသောကြောင့် ဒေါသကော လာသေးလား ... (မလာပါ) ပျောက်ချင်တော့ ဒီအနာ ကလေး ပျောက်ချင်တဲ့အတွက် လောဘကော ... (မလာပါ) ဒုက္ခသစ္စာ မသိတဲ့ အဝိဇ္ဇာ မောဟကော ... (မလာပါ ဘုရား)။

## လောဘ၊ ဒေါသ၊ မောဟကို ကုန်စေတယ်

ဒါဖြင့် ဒီသိလုံးသည် ဒကာဒကာမတို့ ဒုက္ခဖြစ်၍ ဒုက္ခ ပျက်တာကို သိတဲ့ သိလုံးကလေးသည် ဒကာဒကာမတို့အား လောဘ, ဒေါသ, မောဟကို ကုန်စေသည် ... (မှန်ပါ့ဘုရား)။

ဒါဖြင့် သံသရာ့ ရေသောက်မြစ်တွေကို သတ်နိုင် သည်ဆိုတာ ရှင်းသွားပြီ ... (ရှင်းပါပြီ) မရှင်းသေးဘူးလား ... (ရှင်းပါပြီဘုရား)။

အင်မတန် အဖိုးတန်တဲ့စကား ဒကာကြွယ် သေပျော်ပြီ ... (မှန်ပါ့ဘုရား) အားလုံး ဒကာဒကာမတွေ သေပျော်ပြီ

ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘယ်နှစ်ခု သေသွားသလဲ . . . (သုံးခုသေပါတယ်ဘုရား) ဘယ်သူတွေပါလိမ့်ဗျာ . . . (လောဘ, ဒေါသ, မောဟ ပါဘုရား)။

## လောဘဆိုရင် ပြိတ္တာဘုံ

ဪ . . . ဒကာဒကာမတွေ ဒီထဲ ညည်းလုံးထုတ်နေကြတယ်၊ ဒီလောဘနဲ့သာဆိုရင်ဖြင့် ကျုပ်တို့တတွေ ပြိတ္တာဘုံတန်းနေပြီ . . . (မှန်ပါ့) ဒီဒေါသနဲ့သာဆိုရင်ဖြင့် နေ့စဉ် ဒေါသဖြစ်ရင် ငါတော့ဖြင့် ငရဲသွားရတော့မယ်ပေါ့၊ ကြောက်နေကြတယ် . . . (မှန်ပါ့)။

## မောဟဆိုရင်အပါယ်

ငါ့မှာ သူတော်ကောင်းအလုပ် မလုပ်ရဘူး၊ အလကားဟာတွေနဲ့ အချိန်ကုန်နေတယ်ဆိုတော့ မောဟကြောင့် အပါယ်သွားရတော့မယ် သူပြောနေတာ . . . (မှန်ပါ့)။

အခုတော့ဖြင့် ဒကာဒကာမတွေ ဘုန်းကြီးကပဲ နည်းပေးပြီးသကာလ ပေးလိုက်ပါတယ်၊ ခန္ဓာထဲက ပေါ်သ၍ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) သိတာကလေးက . . . (မဂ္ဂသစ္စာပါဘုရား) သေတာက . . . (သမုဒယသစ္စာပါဘုရား) သေတာက လောဘ, ဒေါသ, မောဟ . . . (မှန်ပါ့)

ရှင်းပလား . . . (ရှင်းပါပြီ) သမုဒယသစ္စာဆိုလည်း ဟုတ်ပါတယ် . . . (မှန်ပါ)။

သို့သော် ဖော်လိုက်ပါတော့ . . . (မှန်ပါ) ဖော်လိုက်တော့ဘာတွေပါလိမ့် . . . (လောဘ, ဒေါသ, မောဟပါဘုရား)။

ဒါဖြင့် လောဘ, ဒေါသ, မောဟ သေကတည်းကိုက နောက်သံသရာအတွက် ခန္ဓာတွေ လာစရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒါဖြင့် သမုဒယချုပ်၍ ဒုက္ခသိမ်းတယ် . . . (မှန်ပါ) မသိမ်းဘူးလား . . . (သိမ်းပါတယ်ဘုရား) သမုဒယချုပ်၍ . . . (ဒုက္ခသိမ်းပါတယ်ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သံယုတ်မှာ ဟောထားတယ်၊ ကွာ . . . တဲ့ မင်းတို့ ဘာတွေ အချိန်စီးနေသတုံး၊ ဝိတက် ကြံလုံး, ဖန်လုံး မသိတဲ့ ပုဂ္ဂိုလ်များမှာ နေ့တိုင်း-နေ့တိုင်းဟာ ကြံလုံး, ဖန်လုံးကလေးဟာ လာတတ်ပါတယ်တဲ့ . . . (မှန်ပါ) မလာဘဲ မရှိပါဘူးကွာ . . . တဲ့၊ အကြံမရှိ ဉာဏ်မရှိဆိုတာ မင်းတို့မဟုတ်ပါဘူးတဲ့၊ သို့သော် . . . မင်းတို့ ကြံပုံက အင်း . . . သားကလေး ဘယ်လိုနေရပါ့မလဲ၊ သမီးကလေး ဘယ်လိုနေရာချထားရပါ့မလဲ၊ အစရှိသည်နဲ့ မင်းတို့က ဘာမဟုတ်တာကြံနေတယ်တဲ့ . . . (မှန်ပါဘုရား)။

နောက်တော့ အိမ်ရာပေါ်မှာလည်း ဒကာကြွယ် ခေါင်းချလိုက်ပေါ့ဗျာ နဖူးပေါ်လက်တင်လိုက်၊ ဘာသစ္စာပါ လိမ့်မတုံးဆိုတာ အရင်တွေးပါ . . . (မှန်ပါ့) တွေးလိုက်တော့ ဒကာဒကာမတွေ ဘာသစ္စာပါလိမ့်မတုံးလို့ ခန္ဓာထဲ တွေးလိုက်တော့ ခန္ဓာထဲက တစ်ခုခု ပေါ်လာလိမ့်မယ်၊ အိပ်ချင်တာ ကလေးရင်လည်း ပေါ်လာလိမ့်မယ် . . .၊ စားချင်တာကလေး ရင်လည်းပေါ်လာလိမ့်မယ် . . .၊ ညောင်းတာကလေးရင် လည်း ပေါ်လာလိမ့်မယ်၊ စိုးရိမ်တာကလေးရင်လည်း ပေါ်လာလိမ့်မယ် . . . (မှန်ပါ့) ပေါ်လာတာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

## အပါယ်တံခါးပိတ်တဲ့အတွေး

အဲ . . . ပေါ်လာတာ ဒုက္ခသစ္စာလို့တွေး၊ တွေးလုံး တွေးလို့ မင်းတို့ ဘာလာသတုံးဟေ့ . . . (မဂ္ဂသစ္စာပါဘုရား) ဘာကြောင့်တုံးဆိုတော့ . . . ဒါ-အပါယ်လေးပါး တံခါးပိတ် တဲ့ အတွေး . . . (မှန်ပါ့)။

ဘာအတွေးဆိုကြမလဲ . . . (အပါယ်လေးပါး တံခါး ပိတ်တဲ့အတွေးပါဘုရား) အဲဒါကြောင့် . . . တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြံလုံးကြံ၊ တွေးလုံးတွေးကြရင် . . . ဒုက္ခသစ္စာသာ တွေးနေ . . . (မှန်ပါ့)။

အဲဒါ ဘုန်းကြီးက ဟောတာမဟုတ်ဘူး ဒကာဒကာမတွေ သစ္စာသံယုတ်မှာ ဘုရားဟောတာ . . . (မှန်ပါ့)။

ကဲ . . . ဒါဖြင့် ခန္ဓာကိုယ်ထဲ အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာရင် ဘာသစ္စာပါလိမ့် . . . (ဒုက္ခသစ္စာပါဘုရား) အင်း . . . ကြောက်ရွံ့တဲ့စိတ်ကလေး ပေါ်လာရင် . . . (ဒုက္ခသစ္စာပါဘုရား) စိုးရိမ်တဲ့ စိတ်ကလေး ပေါ်လာရင် . . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ခင်ဗျားတို့က စိုးရိမ်တယ်ဆိုပြီး လူသာထ, ပြေးတာ၊ ဒုက္ခသစ္စာပါလားလို့ တွေးမှ မတွေးဘဲ . . . (မှန်ပါ့) ခက်လိုက်တဲ့ဖြစ်ခြင်း လူပြေးက မြန်နေတယ်၊ အတွေးက နောက်ကျနေတယ် . . . (မှန်ပါ့ဘုရား)။

လူကသာ အရင်ပြေးနေတယ် . . . (မှန်ပါ့) ပေါ်လာတဲ့ စိတ်ကလေး ဘာပါလိမ့်မတုံး တွေးရဲ့လား . . . (မတွေးပါဘုရား) တွေးတော့ ဘယ့်နှယ်တွေးရမလဲ . . . (ဒုက္ခသစ္စာလို့ တွေးရပါမယ်ဘုရား) အဲ . . . ပေါ်လာတဲ့ စိတ်က ဒုက္ခသစ္စာ၊ တွေးလုံးက . . . (မဂ္ဂသစ္စာပါဘုရား)။

အဲဒီကတည်းက ခုနင်က ပြေးချင်, လွှားချင်တဲ့ စိတ်ကလေးဟာ မပြေသေးဘူးလား . . . (ပြေပါတယ်ဘုရား) အဲဒါ မင်္ဂက ကိလေသာသတ်တာ . . . (မှန်ပါ့) ဒကာကြွယ် ရိပ်မိပလား . . (ရိပ်မိပါပြီဘုရား) ခင်ဗျားတို့က ၄- နာရီခွဲလို့မှ

သားတွေ သမီးတွေ အကုန်ကားတွေက မကြိုလာသေး၊ လူလည်း မလာသေးလို့ရှိရင်ဖြင့် . . . စိုးရိမ်လုံးဝင်လာပြီ၊ ဒီဟာ အဖတ်တင်တာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ဓမ္မသဘောပေါ်ရာစောင့်ကြည့်ပါ

ဓမ္မသဘောပေါ်ရာ စောင့်ကြည့်ပါ။ ဒီဥစ္စာ စားချင်တဲ့ စိတ်ကလေးလာရင် အင်း . . . ဒုက္ခသစ္စာလာတာကိုးလို့ ဒီလိုသိ . . . (မှန်ပါ့) ကြောင့်ကြစိတ်ကလေးလာရင်ကော . . . (ဒုက္ခသစ္စာလို့ သိရမယ်) အင်း နောက်တစ်ခါ ဖုတ်ပူမီးတိုက် ဖြစ်လာရင်လည်း ဒုက္ခသစ္စာပဲကြည့် . . . (မှန်ပါ့)။

အင်း . . . ရှေ့ ဒီသား, ဒီသမီးတွေ သူတို့ ဘယ်လိုများ သူတို့ အသက်မွေးကြမတုံးလို့ တွေးလုံးလာရင်ကော . . . (ဒုက္ခသစ္စာပဲ ကြည့်ရပါမယ်ဘုရား)။

အဲ . . . ဒုက္ခသစ္စာဆိုတော့ ကိုယ့်မှာ တွေးတိုင်း, တွေးတိုင်း စိတ်ကလေးကပါလို့ တွေးတိုင်း, တွေးတိုင်း မဂ္ဂသစ္စာက ရနေတယ် . . . (မှန်ပါ့) မဂ္ဂသစ္စာရောက်တော့ လောဘ, ဒေါသ, မောဟ မသေပါနဲ့ဆိုလို့ ရသေးရဲ့လား . . . (မရပါဘုရား)။

အဲဒါ လောဘ, ဒေါသ, မောဟ သေတော့ ဒကာ ဒကာမတို့ ပေါ်တာ တွေးတာကြောင့် အပါယ်ဘေး လွတ်တယ် . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

**အတွေးနောက် ကိလေသာလိုက်လို့ရှိရင် အပါယ်တံခါး ပွင့်တယ် . . . (မှန်ပါ့) အတွေးနောက် ပပဥ္စလိုက်သွားလို့ရှိရင် . . . (အပါယ်တံခါးပွင့်ပါတယ်ဘုရား) အတွေးနောက်က မဂ်လိုက်လို့ရှိရင် . . . (အပါယ်တံခါးပိတ်ပါတယ်ဘုရား)။**

ပိတ်တဲ့ဉာဏ်နဲ့ လိုက်တဲ့ ပပဥ္စ ဘယ်ဟာ အလုပ်များ ကြမလဲ . . . (လိုက်တဲ့ ပပဥ္စ အလုပ်များကြပါတယ်ဘုရား)။

## အပါယ်သွားနည်းက များတယ်

ပိတ်တဲ့နည်းနဲ့ အပါယ်သွားတဲ့ နည်းနဲ့ ဘယ်ဟာက များနေကြသလဲ . . . (အပါယ်သွားတဲ့နည်းက များပါတယ် ဘုရား)။

အပါယ်သွားတဲ့နည်းက များပြီးသကာလ နေတော့ ယနေ့ကစပြီးသကာလ ခင်ဗျားတို့ တွေးလုံးပေါ်လာရင် ချက်ချင်း ဩော် . . . ဒါကလေးဟာ ဒုက္ခသစ္စာပါကလား ဆိုတော့ ဒုက္ခသစ္စာက ဖြစ်ပျက် ဟုတ်လား . . . (မှန်ပါ့) တွေးလုံးကလေးက မဂ်ဖြစ်သွားတယ် . . . (မှန်ပါ့)။

မဂ်ဖြစ်သွားတဲ့အခါကျတော့ ခုနင်က လောဘ,

ခဒါသ, မောဟလာသေးရဲ့လား . . . (မလာပါဘုရား) အဲဒီတော့ . . . အတွေးကောင်းတော့လည်း မဂ်ဝင်တယ်နော် . . . (မှန်ပါ့) အတွေးမကောင်းတော့လည်း အပါယ်လေးပါး ရောက်တယ် . . . (မှန်ပါ့)။

## အပါယ်လေးပါး၊ ကိုယ့်အိမ်ဖြစ်ခဲ့တယ်

ဘယ်ဟာ ကြိုက်သလဲ . . . (မဂ်ရတာ ကြိုက်ပါတယ်ဘုရား) မဂ်ရတာ ကြိုက်တယ်ဆိုလို့ရှိရင် ဒကာဒကာမတို့ ခင်ဗျားတို့ တစ်သံသရာလုံးက မဂ်ရတာ မကြိုက်ခဲ့လို့ အပါယ်လေးပါး ကိုယ့်အိမ်ဖြစ်ခဲ့ရတယ် . . . (မှန်ပါ့) မနာဘူးလား . . . (နာပါတယ်ဘုရား)။

အပါယ်လေးပါး ကိုယ့်အိမ်ကိုယ့်ယာ ဖြစ်ခဲ့ရတယ် . . . (မှန်ပါ့) ဒကာဒကာမတို့ . . . သိပ်နာတယ်နော် . . . (မှန်ပါ့) ဒါကြောင့် ခန္ဓာကိုယ်ထဲက ဘာပဲ ပေါ်ပေါ်, ပေါ်တာကို ဘာလုပ်ထားရမလဲ . . . (ဒုက္ခသစ္စာလို့ ရှုရပါမယ်ဘုရား)။

ဟုတ်ပါတယ် မောင်ဘသော်ရ . . . (မှန်ပါ့) ဒကာဒကာမတို့ ပင်ကို ခန္ဓာကြီးက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) သူ့ထဲက ထူးထူးခြားခြား ဘာပေါ်ပေါ် ဘယ့်နှယ်ဆိုမလဲ . . . (ဒုက္ခသစ္စာပါပဲဘုရား)။

ခုနင်ကပြောခဲ့တာကို ဒကာ ဒကာမတို့ သရက်ပင်က

လာရင် သရက်သီး သီးမှာပဲ. . . (မှန်ပါ့)၊ ဒုက္ခပင်က. . . (ဒုက္ခ သီး သီးမှာပါဘုရား) သီးမှာပဲ။

## ဖြစ်ပျက်က ဒုက္ခသစ္စာ

ဒါဖြင့် ဒုက္ခပင် ဒုက္ခသီးနေမှာပဲ၊ ဒုက္ခဖြစ်တာကိုလည်းသိ၊ ဒုက္ခသီးဖြစ်တာကိုလည်းသိ၊ ဒုက္ခသီးပျက်တာကော. . . (သိရမှာပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခဖြစ်ပျက်က ဒကာ ဒကာမတို့ ဒုက္ခသစ္စာ . . . (မှန်ပါ့)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

## ဒုက္ခဖြစ်မှန်းသိတာက မဂ္ဂသစ္စာ

ဒုက္ခဖြစ်မှန်းသိတာက. . . (မဂ္ဂသစ္စာပါ)၊ အင်း. . . လောဘ, ဒေါသ, မောဟ သေတာက သမုဒယချုပ်တာ. . . (မှန်ပါ့)။

## နောင်ခန္ဓာမလာတာက နိရောဓသစ္စာ

နောင် ခန္ဓာမလာတာက နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန် ဒုတိယကွက်ဟာ နိဗ္ဗာန်ရောက်မည့်အကွက်. . . (မှန်ပါ့) သဘောပါပလား. . . (ပါ ပါပြီဘုရား)။

ဒကာကြွယ်. . . ဒီနေ့တရား သိပ်အဖိုးတန်ပါပြီ. . . (တန်ပါပြီဘုရား)၊ အင်မတန် အဖိုးတန်ပါပြီ။

ကဲ. . . ဒီဥစ္စာဘုန်းကြီးကဒကာ ဒကာမတို့ လုံလောက် သည်ထက် လုံလောက်အောင် ဝတ္ထုတိုကလေးတစ်ခု ထုတ်ပြမယ်. . (မှန်ပါ့)။

## ဝဇီရာ၊ ရဟန္တာထေရီမ

ဝတ္ထုတိုကလေးတစ်ခုထုတ်ပြမယ်၊ ဘုရားလက်ထက် က ဝဇီရာဘိက္ခုနီမဆိုတာ ရဟန္တာ ထေရီမ. . . (မှန်ပါ့)၊ သူ့နာမည် က ဝဇီရာလို့ခေါ်တယ်နော်. . . (မှန်ပါ့)။

ဝဇီရာဘိက္ခုနီမဆိုတာ ရှိတယ်၊သူက သာဝတ္ထိပြည်မှာ ဆွမ်းခံပြီးသကာလနေတယ်. . . (မှန်ပါ့)၊ ဆွမ်းခံပြီးသကာလ အန္ဓဝန်တောဆိုတဲ့ဆီ သုသာန်သွားပြီး တရားအားထုတ်တယ် . . (မှန်ပါ့)၊ ရဟန္တာဖြစ်ပြီးသားနော်. . . (မှန်ပါ့)။

တရားနှလုံးသွင်းချင်လို့ ငါးပါးအာရုံကာမဂုဏ်တွေ အသံ မကြားချင်လို့ မောင်ဘသော်တို့ ဒကာကြွယ်တို့ သုသာန် တော ထဲသွားတယ်. . . (မှန်ပါ့)။

## မာရ်နတ်မင်း

အဲဒီမှာ မာရ်နတ်က ကောင်းကင်က ဝသဝတ္တီမာရ်နတ် ကြီးက ဒကာ ဒကာမတို့ သူတော့ဖြင့် ကြက်သီးမွေးညင်းထ, အောင် ချောက်ဦးမှပဲ၊ သမာဓိပျက်အောင်တော့ လုပ်ဦးမှပဲ၊

ကြက်သီးမွေးညှင်းထ,အောင် လုပ်ဦးမှပဲ၊ သူ့ရှ,ထားတဲ့ . . . သမာဓိပျက်အောင် လုပ်ဦးမယ်တဲ့. . . (မှန်ပါ့)။

စိတ်ထားကောင်းရဲ့လား. . . (မကောင်းပါဘုရား)၊ စိတ်ထားအင်မတန်ဆိုးတယ်။

ဝသဝတ္တီပြည်က ဆင်းပြီးသကာလ လာခဲ့ပါတယ်. . . (မှန်ပါ့ဘုရား)၊ လာခဲ့ပြီးသကာလ ဟိုက တရားနှလုံးသွင်းနေတယ်။

## နိဗ္ဗာန်ကို နှလုံးသွင်းပြီးနေတယ်

ဒုက္ခသစ္စာတွေကို မဂ္ဂသစ္စာနဲ့ အာရုံပြုပြီးသကာလ နေပြီး နောက် ဒုက္ခတွေချုပ်တဲ့ နိဗ္ဗာန်ကို နှလုံးသွင်းပြီးသကာလ နေပါ တယ်. . . (မှန်ပါ့)။

အဲဒီကဲ့သို့နေပါတယ်၊ နေတဲ့အခါကျတော့ ဂါထာကလေး တစ်ခုရွတ်လိုက်တယ်၊ မာရ်နတ်က ဘိက္ခုနီမအနားသွားတဲ့ပြီး သကာလ. . .

**ကေနာယံ ပကတော သတ္တော၊**

**ကုဝံသတ္တဿ ကာရကော၊**

**ကုဝံသတ္တော သမုပ္ပန္နော၊**

**ကုဝံသတ္တော နိရုဇ္ဈတိ။**

ဒါကလေး ရွတ်လိုက်တယ်၊ ဒါက ပါဠိ၊ မြန်မာလို ပြန်

လိုက်တော့ ရှင်းပါတယ်၊ သတ္တဝါကို ဘယ်သူပြုလုပ်သလဲ. . . တဲ့. . . (မှန်ပါ့)၊ သဘောကောကျရဲ့လား. . . (ကျပါတယ် ဘုရား)။

## သတ္တဝါကိုဘယ်သူပြုလုပ်သလဲ

ဒီ ဒကာ ဒကာမတွေလည်း တချို့သတ္တဝါတွေလို့ မဆိုကြဘူးလား. . . (ဆိုပါတယ်)၊ သတ္တဝါကို ဘယ်သူပြုလုပ်သလဲတဲ့. . .၊ ဒါမေးလိုက်တယ် မာရ်နတ်က. . . (မှန်ပါ့)၊ ဝဇီရာ ဘိက္ခုနီမ ရဟန္တာမကို သူက မေးလိုက်တာ. . . (မှန်ပါ့)။

"ကုဝံ သတ္တဿ ကာရကော" တဲ့. . .၊ သတ္တဝါကို အဘယ်ပုဂ္ဂိုလ်က ပြုလုပ်ပါသလဲတဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

"ကုဝံ သတ္တော သမုပ္ပန္နော" တဲ့ . . . . .၊ ကုဝံ ကေန = အဘယ်ကြောင့်၊ သတ္တော=သတ္တဝါသည်၊ သမုပ္ပန္နော = ဖြစ်ပေါ်လာသနည်း၊ သတ္တဝါတွေ အဘယ်ကြောင့် ဖြစ်ပေါ်လာသနည်းတဲ့၊ သူက သတ္တဝါနဲ့ချည်းပဲမေးတယ် . . . . . (မှန်ပါ့)။

## သတ္တဝါဘယ်သူ့ကြောင့်သေသတုံး

ဒကာ ဒကာမတို့ ရိပ်မိပလား . . . . (ရိပ်မိပါပြီ) ကုဝံ ကေန=အဘယ်အကြောင်းကြောင့်၊ သတ္တော= သတ္တဝါသည်၊ နိရုဇ္ဈတိ= ချုပ်ပျောက်၍ သွားရသလဲတဲ့ . . . . . (မှန်ပါ့)။

သတ္တဝါကို ဘယ်သူပြုလုပ်သလဲ၊ သတ္တဝါတွေ ဘယ်သူ တည်ထောင်သလဲ၊ သတ္တဝါကို ဘယ်သူ ဖြစ်စေသလဲ၊ သတ္တဝါ ဟာ ဘယ်သူ့ကြောင့် သေသတုံး . . . . (မှန်ပါ့) ဒါတွေ မဟုတ် တာတွေချည်းလျှောက်မေးတယ် . . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ တရားတစ်ပွဲလုံးဟာ ခင်ဗျားတို့ ဘာ သစ္စာတွေဖြစ်သလဲ . . . (ဒုက္ခသစ္စာတွေ ဖြစ်ပါတယ်) ပါသေး သလား. . . . သတ္တဝါ. . . (မပါပါဘုရား)သတ္တဝါသေတာကော . . . . . (မပါပါဘုရား)။

ဒီခန္ဓာကြီးတွေဟာ အခုတရားဟောတဲ့ ဘုန်းကြီးကို ပြောလည်း ဘာသစ္စာလဲ . . . . (ဒုက္ခသစ္စာပါ) တရားနာတဲ့ ခန္ဓာတွေ ကြည့်လိုက်ရင်လဲ. . . . (ဒုက္ခသစ္စာပါဘုရား) နို့ . . . သတ္တဝါ မြင်သေးလား . . . . . (မမြင်ပါဘုရား)။

သတ္တဝါနဲ့ မေးထားတယ်၊ ကေနာယံ ပကတော သတ္တော တဲ့၊ အယံ သတ္တော= ဤသတ္တဝါကို၊ ကေန =အဘယ်ပုဂ္ဂိုလ်သည်၊ ပကတော= ပြုလုပ်ပါသနည်း . . . တဲ့၊ အင်း . . . . သတ္တဝါကို ဘယ်သူပြုလုပ်သတုံး . . . . မေးထားတယ်. . . (မှန်ပါ့)။

"ကုဝံ သတ္တသာ ကာရကော" ကုဝံကော= အဘယ် ပုဂ္ဂိုလ်သည်၊ သတ္တသံ= သတ္တဝါကို၊ ကာရကော = ပြုလုပ် သနည်းတဲ့ . . .၊ သတ္တဝါနဲ့ချည်း မေးထားတယ် . . . . (မှန်ပါ့)။

## သတ္တဝါလို့လာမေးတာ ဘယ်သူတုံး

ဟိုက ရဟန္တာမဆိုတော့ ဒကာကြွယ်တို့ မောင်ဘသော် တို့ ဒကာသစ်တို့ . . . သူ့ကို ဘယ့်နှယ်သတ္တဝါလည်းမရှိဘဲနဲ့ သတ္တဝါနဲ့လာမေးနေတာ ဘယ်သူပါလိမ့်မလဲ၊ သူက ဝဇီရာ ဘိက္ခုနီမက ဒကာ ဒကာမတွေ ကြည့်လိုက်တယ် . . . (မှန်ပါ့)။

ဝဇီရာဘိက္ခုနီမက ကြည့်လိုက်တဲ့အခါကျတော့၊ ပြော် . . . မာရ်နတ် ငါ့ကို ကြက်သီးမွေးညှင်းထအောင် ကြောက် မလားလို့လုပ်တာ၊ တစ်နည်းအားဖြင့် ငါလုပ်နေတဲ့ သမာဓိ ပညာ ပျက်အောင် လာချောက်တာဆိုပြီးသကာလ ဒကာ ဒကာမတို့ ဝဇီရာ ဘိက္ခုနီမက အဖြေပေးလိုက်တယ် . . . (မှန်ပါ့)။

"ကိန္နုသတ္တောတိ ပစ္စေသိ" မာရ = မာရ်နတ်၊ ကိန္နု = အဘယ်ကြောင့်၊ သတ္တောတိ = သတ္တဝါဟူ၍၊ ပစ္စေသိ = မင်းက ယုံကြည်နေသလဲတဲ့ . . .၊ မင်းက သတ္တဝါမဟုတ်ဘဲနဲ့ အဘယ့် ကြောင့် ယုံကြည်နေသတုံး. . . (မှန်ပါ့)။

ဒကာကြွယ် သတ္တဝါရှိပဲ့မလား. . . (မရှိပါဘုရား)၊ မရှိတာကို မင်းက ဘယ့်နှယ်ကြောင့် သတ္တဝါဟူ၍ ယုံကြည်ချက်နဲ့ မေးနေသလဲတဲ့. . . (မှန်ပါ့)၊ ဘိက္ခုနီမက ပြန်မေးတာနော် . . . ဒကာ ဒကာမတို့. . . (မှန်ပါ့)။

## ဒိဋ္ဌိနဲ့မေးနေတာ

'မာရ ဒိဋ္ဌိဂတံနုတေ' တေ တယာ = သင်သည်၊ ဒိဋ္ဌိဂတံနု =ဒိဋ္ဌိဖြစ်၍နေသည်မဟုတ်ပါလော. . . ၊ မင်းမေးတဲ့ အမေးဟာ ဒိဋ္ဌိနဲ့မေးတာတဲ့. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ မိစ္ဆာဒိဋ္ဌိနဲ့မေးနေတာ. . . (မှန်ပါ့)၊ သမ္မာ ဒိဋ္ဌိ၊ သစ္စာ ပါသေးရဲ့လား. . . (မပါပါဘုရား)။

အဲဒီတွင် ဒီလိုသူကပြန်ပြီး ပြောပါတယ်၊ "သုဒ္ဓသင်္ခါရ ပုဉ္စောယံ" အယံ = ဤခန္ဓာငါးပါးသည်၊ သုဒ္ဓသင်္ခါရပုဉ္စော = ခန္ဓာ ငါးပါးဒုက္ခသစ္စာတရားသည်သာလျှင်၊ ဟောတိ = ဖြစ်၏၊ မင်းက ဘယ်သတ္တဝါမေးနေတုံး၊ ဒုက္ခသစ္စာပဲ ရှုနေရမှာ မင်းက သတ္တဝါ လုပ်နေရသလား. . . ၊ ဒါဖြင့် အခက်သားပဲ မင်းကိုက ဒိဋ္ဌိဖြစ် နေပါပေါ့လား. . . တဲ့. . . (မှန်ပါ့)။

ဝဇိရာဘိက္ခုနီမက ပြန်ပြောတယ် ဒကာ ဒကာမတို့. . . သဘောပါပလား. . . (ပါပါပြီဘုရား)။

ကိန္နု သတ္တောတိ ပစ္စေသိ၊
မာရ ဒိဋ္ဌိဂတံနု တေ၊
သုဒ္ဓ သင်္ခါရပုဉ္စောယံ၊
န ယိဓ သတ္တုပလဗ္ဘတိ။

က္ကဓ = ဤလောကဉ်၊ သတ္တော = သတ္တဝါကို၊ ဥပလဗ္ဘတိ= မရနိုင်ပါဘူးကွ၊ ရှိမှ မရှိဘဲနဲ့. . . (မှန်ပါ့)၊ ဒုက္ခ ပစ္စာပဲ ရှိတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . ကျပါပြီဘုရား)။

## သတ္တဝါမရှိဘူး

အဲဒီတွင်မှ ဘိက္ခုနီမက ဒကာ ဒကာမတို့ သတ္တဝါ မရှိဘူး မာရ်နတ်ရ၊ သတ္တဝါပြုလုပ်တတ်တဲ့သူလည်း မရှိဘူး၊ သတ္တဝါလည်းမရှိဘူးကွ၊ ဒုက္ခသစ္စာသာရှိတယ်ကွ. . . (မှန်ပါ့ ဘုရား)၊ ဒီတွင်မှ နောက်ဆုံးပိတ် သူဖြေလိုက်တယ်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့. . .

ဒုက္ခမေဝဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊
နာညတြ ဒုက္ခသမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဘိက္ခုနီသံယုတ်မှာ . . . (မှန်ပါ့)။

## ခန္ဓာထဲဘာပေါ်ပေါ် ဒုက္ခပေါ်တာ

မာရ = မာရ်နတ်၊ ဒုက္ခမေဝ = ဒုက္ခတရားသည်ပင်လျှင် ခန္ဓာထဲ၌၊ သမ္ဘောတိ = ဖြစ်ပေါ်လာ၏။ ဘာပေါ်ပေါ် ခန္ဓာထဲက ပေါ်တာ ဒုက္ခသာပေါ်တာလို့ မှတ်ထားကွတဲ့. . . (မှန်ပါ့)၊ ရှင်း ပလား. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ ခန္ဓာထဲကဘာပေါ်လာလာ. . . (ဒုက္ခ သာပေါ်ပါတယ်) ဒုက္ခပေါ်လာတာသာ သေသေချာချာ မှတ်ပါ . . . (မှန်ပါ့)၊ ယားတာကလေးပေါ်လာရင်. . . (ဒုက္ခပါ)၊ မဲ့ချင် တာလေးပေါ်လာရင်. . . (ဒုက္ခပါ)၊ အကုန် ဒုက္ခသစ္စာချည်း မှတ်ထား. . . (မှန်ပါ့ဘုရား)။

"ဒုက္ခမေဝဟိသမ္ဘောတိ" ခဏကလေး တည်နေလို့ ရှိရင် လည်း၊ ဒီ စိတ်ကလေးမပျောက်သေးလို့ တည်နေလို့ရှိရင် ဒုက္ခတည်နေတာလို့ မှတ်ထားလိုက်စမ်းပါတဲ့. . . (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတို့ သုခကိုပါရဲ့လား. . . (မပါ ပါ)၊ ဒုက္ခံ = ဒုက္ခတရားသည်။ ဝေတိစ = ပျက်တတ်၏။ ဒုက္ခကလေးပျက် သွားတယ်တဲ့. . . (မှန်ပါ့ဘုရား)။

ပေါ်တာက ဘာတုံး. . . (ဒုက္ခပါ)၊ ပျက်တာကော . . . (ဒုက္ခပါပဲ)၊ တကယ်လို့ ခဏကလေးများ တည်နေရင် ဘာတည်နေတာတုံး. . . (ဒုက္ခတည်တာပါ)၊ ဒုက္ခတည်နေမှာပဲ . . . (မှန် ပါ့)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဘယ်တော့မှ ဝိပဿနာ အထူးမပေးပါဘူး၊ ပေါ်ရာသာရှုပါတော့၊ ဒုက္ခသစ္စာ ချည်းမှတ်. . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် . . . (ဒုက္ခသစ္စာချည်း မှတ်ရ ပါမယ်) ပေါ်တာကိုရှုနော်. . . (မှန်ပါ့)၊ အဲဒီပေါ်တာကို ရှုတော့ ဘာတွေ ပေါ်လာသတုံး. . . (ဒုက္ခတွေ ပေါ်လာ ပါတယ်ဘုရား)။

## ပေါ်ရာဟူသ၍ ဒုက္ခသစ္စာ

ပေါ်ရာဟူသ၍လည်း ဒုက္ခသစ္စာမှတစ်ပါး တခြား ဘာမှ မပေါ်ဘူး. . . (မှန်ပါ့ဘုရား)။

အသစ်ပေါ်တိုင်း ပေါ်တိုင်း ပေါ်တာဒုက္ခသစ္စာ၊ သိအောင်လုပ်တာ. . . (မဂ္ဂသစ္စာပါ) သေတာ. . . (သမုဒယ သစ္စာပါ) နောက်ခန္ဓာမလာတာ. . . (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာဆိုတော့ ဒီမှာ ဘိက္ခုနီမဖြေလိုက်တာက ဒုက္ခာ - ဒုက္ခကို၊ အညတြ = ကြဉ်ထား၍၊ သမ္ဘောတိ = သတ္တဝါ သန္တာန်ဖြင့်ဖြစ်တတ်သောတရားသည်၊ နတ္ထိ = မရှိ. . . (မှန်ပါ့ ဘုရား)။

## ဒုက္ခမှတစ်ပါး ပေါ်စရာမရှိ

ဒကာကြွယ် ဒုက္ခမှတစ်ပါး ခန္ဓာကိုယ်ထဲ ပေါ်စရာကို မရှိဘူးတဲ့ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

"နာညံ့ ဒုက္ခာ နိရုဇ္ဈတိ" တဲ့။ ဒုက္ခာ = ဒုက္ခကို၊ အညတြ = ကြဉ်ထား၍၊ နိရုဇ္ဈတိ = ချုပ်တတ်သောတရားသည်၊ နတ္ထိ =မရှိဘူးတဲ့။ ချုပ်တဲ့တရားဟာလည်း ဒုက္ခသစ္စာကလေးပဲ တဲ့. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒေါသကလေးပေါ်လာလည်း ပေါ်လာတာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ) ပျက်သွားပြန်ကော . . . (ဒုက္ခသစ္စာပါဘုရား)။

ကုသိုလ်စိတ်ကလေးပေါ်လာပြန်ကော . . . (ဒုက္ခ သစ္စာပါ)၊ ပျက်သွားပြန်ကော. . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခ ပျက်တာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ ဘာပေါ် ပေါ် ဘာသစ္စာဆိုမလဲ. . . (ဒုက္ခသစ္စာပါ) ပျက်သွားရင်. . . (ဒုက္ခ သစ္စာပါဘုရား)။

ပျက်တိုင်း ပျက်တိုင်း သိတာ ဘာသစ္စာ. . . (မဂ္ဂသစ္စာ ပါ)၊ ပေါ်တိုင်း ပေါ်တိုင်းသိတာ. . . (မဂ္ဂသစ္စာပါဘုရား)။

လောဘ, ဒေါသ, မောဟသေတဲ့အတွက် ဒကာ ဒကာမတွေ နောက် ခန္ဓာမလာတာက နိရောဓသစ္စာ. . . (မှန်ပါ့)၊ သဘောပါပလား. . . (ပါပါပြီ)၊ တယ်လည်းအဖိုး တန်ပါလား . . . (တန်ပါတယ်ဘုရား)။

## သတ္တဝါ မရှိဘူး

အဲဒီတွင် ဘိက္ခုနီမက ဟော့. . . ခန္ဓာကိုယ် တစ်ကိုယ် လုံး တစ်ထစ်ချမှတ်ထား မာရ်နတ်ရ။ မင်းသည်ကားလို့ဆိုရင် အဟုတ်အမှန်က သတ္တဝါမရှိဘူးကွ။ ခန္ဓာထဲမှာဖြစ်ပေါ် တာလည်းဒုက္ခ၊ ပျက်သွားတာလည်းဒုက္ခ၊ ဤနှစ်ခုသာ ရှိတယ်. . . (မှန်ပါ့)၊ ဘာတုံး. . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပါ ဘုရား)။

အဲ. . . အခုယားတဲ့စိတ်ကလေး ပေါ်လာရင်. . . (ဒုက္ခပေါ်တာပါ)၊ ဒုက္ခပေါ်တာပဲ. . . (မှန်ပါ့ဘုရား)။

ယားတဲ့စိတ်ကလေးပျက်သွားရင် . . . (ဒုက္ခပျက်တာ ပါပဲ)၊ ဝမ်းသာတဲ့စိတ်ကလေး ပေါ်လာရင်. . . (ဒုက္ခဖြစ် တာပါ)၊ ဝမ်းသာတဲ့စိတ်ကလေး ပျောက်သွားပြန်ရင် . . . (ဒုက္ခပျက်တာပါ)၊ ဘုရားရှိခိုးချင်တဲ့စိတ်ကလေး ပေါ်လာ ပြန်လည်း. . . (ဒုက္ခဖြစ်တာပါဘုရား)၊ မခိုးဖြစ်တော့ဘူး . . . (ဒုက္ခပါပဲ)၊ ဒုက္ခချုပ်သွား တာပဲ. . . (မှန်ပါ့)၊ ဒကာကြွယ်

သဘောပါပလား. . . (ပါပါပြီ ဘုရား)။

ကိုင်း. . . ရှုလိုက်တဲ့အတွက် ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ တစ်ထစ်ချမှတ်ပါတော့၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ခန္ဓာကိုယ်ထဲမှာရှိတယ်. . . (မှန်ပါ့ဘုရား)။

ပြောကြစမ်းပါ. . . (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ရှိပါတယ်)၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ခန္ဓာကိုယ်ထဲမှာရှိတယ်၊ တခြားဘာမှမရှိဘူး. . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်ပဲရှိတယ်

ပုံသေက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ သူ့ထဲက ထူး ထူးခြားခြားကလေးတွေ၊ အာရုံဒွါရတိုက်လို့ ပေါ်လာတိုင်း ပေါ်လာတိုင်း ဘာကလေးတွေပေါ်လာမယ် ထင်ကြသတုံး . . . (ဒုက္ခသစ္စာကလေးတွေပေါ်လာပါတယ်)၊ ဒုက္ခဖြစ်၍ ဒုက္ခချုပ် တာပဲမရှိဘူးလား. . . (ရှိပါတယ်)၊ ဒါဖြင့် ဖြစ်ပျက်ပဲ ရှိတယ်. . . (မှန်ပါ့ဘုရား)။

ဘာရှိသတုံး. . . (ဖြစ်ပျက်ပဲရှိပါတယ်)၊ ဖြစ်ပျက် ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)၊ သိတာက. . . (မဂ္ဂသစ္စာပ ဘုရား)။

ဟောဒီအသိနဲ့ ဒကာ ဒကာမတို့ ဖြစ်ပျက်ကို မြင်အောင် ကြည့်လို့ရှိရင် လောကီမဂ်ဖြစ်ပါတယ် . . . (မှန်ပါ့ဘုရား)။

ဌင်းဖြစ်ပျက်ကို မုန်းအောင် ရှုလို့ရှိရင်လည်း လောကီ မဂ် နိဗ္ဗိန္ဒာဉာဏ်ဖြစ်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဌင်းဖြစ်ပျက်သည်ကားဆိုလို့ရှိရင် ဒုက္ခသစ္စာအစစ်ပဲ၊ ငါတော့ဖြင့် ရကိုမရချင်ဘူး၊ လိုကိုမလိုချင်ဘူးဆိုရင် ဒုက္ခ သစ္စာထဲ ခန္ဓာပါပျောက်သွားတယ်. . . (မှန်ပါ့ဘုရား)။

## ခန္ဓာပျောက်တော့ ဒုက္ခပျောက်တယ်

ခန္ဓာပျောက်တော့ ဒုက္ခပျောက်သွားတယ်. . . (မှန်ပါ့)၊ ဒုက္ခ ပျောက်တော့ ဒုက္ခနိရောဓဆိုတဲ့ နိဗ္ဗာန်ဟာ ဒီနေရာမှာပဲ တစ်ထိုင်တည်းပေါ်တယ်. . . (မှန်ပါ့ဘုရား)။

အင်း. . . နိဗ္ဗာန်ကပေါ်လာတာ၊ ပျောက်သွားတာက ဒုက္ခသစ္စာ. . . (မှန်ပါ့ဘုရား)။

ဒီနေရာမှာ ဒုက္ခချုပ်သွားတော့ ဘာမှမရှိတော့ဘူး၊ ချမ်း သာကလေးတစ်ခုပဲရှိတော့တယ်. . . (မှန်ပါ့)၊ ချမ်းသာတာ ကလေးက နိရောဓသစ္စာ. . . (မှန်ပါ့)၊ ချမ်းသာတာကလေး သိနေတာက မဂ္ဂသစ္စာ. . . (မှန်ပါ့ဘုရား)။

## ဒီနေရာမှာနိဗ္ဗာန်ရှိတယ်

အဲဒီတော့ ဒကာ ဒကာမတို့ နိဗ္ဗာန်သည် အနီး ကလေးပဲ . . . (မှန်ပါ့)၊ ဒီခန္ဓာ ဒုက္ခသစ္စာသိပြီး ဒီခန္ဓာ

မလိုချင်လို့ ဒီနေရာ မှာတင် ပျောက်သွားရင် ဒီနေရာမှာ နိဗ္ဗာန် ရှိတယ်. . . (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဝေးသလား. . . နီးသလား. . . (နီးပါတယ် ဘုရား)၊

ဟ. . . ဘယ့်နှယ်ကြောင့် မရောက်ကြပါလိမ့်မလဲလို့ ဒကာ ဒကာမတွေ ဆရာဘုန်းကြီးကမေးတော့ လမ်းမသိလို့ ဘုရား. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒုက္ခမဖော်တတ်တာနဲ့ နိဗ္ဗာန်ကိုမတွေ့ပါဘူး . . . (မှန်ပါ့ဘုရား)။

ဒုက္ခဖော်တတ်ပလား. . . (ဖော်တတ်ပါပြီ)၊ ဒုက္ခ ဖော်ပြီးမှ ပေါ်ပါတယ်၊ ဒီဖြစ်ပျက်ကို မြင်အောင်ရှု ဒီဖြစ်ပျက်ကို ခုန်းအောင်ကြည့် ဒကာကြွယ်. . . (မှန်ပါ့ဘုရား)။

ဒီဖြစ်ပျက်တွေက ဒုက္ခသစ္စာပေါ့၊ ဒါကြောင့်မို့လို့ကို မလိုချင်ဘူးဆိုတော့ ကိုယ့်ခန္ဓာမလိုချင်တာပဲ . . . (မှန်ပါ့ ဘုရား)။

## နိဗ္ဗာန်ဘက်ကိုဉာဏ်ကလှည့်သွားတယ်

ကိုယ့်ခန္ဓာမလိုချင်တော့ ဖျတ်ဆို ဉာဏ်က ဝင်ချုပ်သွား တယ်. . . (မှန်ပါ့)၊ ကိုယ့်ဉာဏ်ကလေးက မလိုချင်တဲ့ဉာဏ် လည်း လာပါရော ဒကာ ဒကာမတို့ နိဗ္ဗာန်ဘက်ကို ဒီဉာဏ်

ကလေးကလှည့်သွားတယ်. . . (မှန်ပါ့)၊ ခန္ဓာဘက်ကို မလှည့်တော့ဘူး . . . (မှန်ပါ့)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ရှုရင်းမတ္တနဲ့ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဆိုပြီး ရှုသာရှုနေ (မှန်ပါ့)၊ ရှုရင်း ရှုရင်း ဒကာ ဒကာမတွေ ဖြစ်ပျက်သည် ချုပ်သွားလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ချုပ်သွားတော့လည်း မျက်လုံးဖွင့်မကြည့်နဲ့ . . . (မှန်ပါ့)၊ တစ်ခါတည်းဖြစ်ပျက်ဆိုတာ ခန္ဓာတွေ မဟုတ်ဘူးလား . . . (မှန်ပါ့)၊ အဲဒီဒုက္ခသစ္စာတွေ ဒကာကြွယ် ဒီဒုက္ခသစ္စာတွေ ကြည့် ရင်း ကြည့်ရင်းနဲ့ပဲ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

## ခန္ဓာပျောက်တော့ ဘာနဲ့နေရစ်သတုံး

မရှိတဲ့အခါကျလို့ရှိရင် ဒီခန္ဓာပျောက်သွားတယ် . . . (မှန်ပါ့)၊ ဉာဏ်အောက်မှာပျောက်တယ်. . . (မှန်ပါ့)၊ ပျောက်သွားတဲ့အခါကျတော့ ဘာနဲ့နေရစ်သတုံးဆိုတော့ ဒကာ ဒကာမတွေ ခုနင်က ရှုတဲ့ဉာဏ်ကလေးနဲ့ ဒုက္ခပျောက်တဲ့ နေရာကို တည့်နေရစ်တယ် . . . (မှန်ပါ့ဘုရား)။

ဒုက္ခပျောက်တဲ့နေရာက နိဗ္ဗာန်. . . (မှန်ပါ့)၊ ဒီဉာဏ်ကလေးက မဂ်ဉာဏ်. . . (မှန်ပါ့)၊ သဘောပါပလား. . . (ပါပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဝေးသလား နီးသလာ

. . . (နီးပါတယ်ဘုရား)၊ ဟ. . . ဒီခန္ဓာတွေ အဆုံးမှာ နိဗ္ဗာန်ရှိတယ် . . . (မှန်ပါ့)၊ ဒီခန္ဓာက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)၊ သူဆုံးသွားလို့ရှိရင်ဖြင့် ဘာသစ္စာ. . . (နိရောဓသစ္စာပါဘုရား)။

## ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိတယ်

ဩော်. . . ဒါဖြင့် နိဗ္ဗာန်ဟာ ဒို့ခန္ဓာအဆုံးရှိနေတာပဲ . . .၊ ဒို့ခန္ဓာ ဒို့ရှုလိုက်လို့၊ ဒုက္ခသစ္စာသိလို့ သူ့မလိုချင်လို့၊ သူပျောက်သွားတဲ့အချိန်မှာ သူပျောက်တဲ့နေရာမှာ ခန္ဓာက, လေးတောင်ရှိလို့ရှိရင် လေးတောင်နေရာမှာပဲ ပြန်ပေါ်တယ် . . . (မှန်ပါ့)။

ဓာတ်ရှင်ကြည့်တော့လည်း နောက်က ဘက်ကရောင်းဆိုတဲ့ ပိတ်ဖြူပေါ်မှာပဲ ကြည့်ရတာပဲ. . . (မှန်ပါ့)၊ ဓာတ်ရှင် သိမ်းသွားတော့လည်း ဒကာ ဒကာမတို့ ဘက်ကရောင်း အဖြူပေါ်မှာပဲ မျက်လုံးရောက်နေတာပဲ. . . (မှန်ပါ့)။

ဓာတ်ရှင်ရှိတုန်းကနဲ့ ဒုက္ခသစ္စာနဲ့တူပါတယ် . . . (မှန်ပါ့)၊ ဓာတ်ရှင်ပြီးသွားတဲ့အခါ ဘက်ကရောင်း အဖြူကြည့်နေတာနဲ့ နိရောဓသစ္စာမြင်တာနဲ့ တူပါတယ် . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒုက္ခတွေ့ပြီးမှ နိရောဓတွေ့ပါလိမ့်မယ် . . . (မှန်ပါ့)၊ ဒုက္ခမတွေ့သေးရင် ဒုက္ခမတွေ့သေးရင်. . . (နိရောဓ မတွေ့သေးပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဘိက္ခုနီမက ဘယ်လိုရှုရမယ်လို့ ပြောသတုံး ဆိုတော့ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာသာရှိတယ် မာရ်နတ်ရေ . . . တဲ့၊ သေသေ ချာချာပြောတယ်. . . (မှန်ပါ့)။

## မာရ်နတ်ပြန်သွားတယ်

အဲဒီတုန်းက ဘယ့်နှယ်မာရ်နတ်ကြီးက အင်း . . . ကြက်သီးမွေးညှင်းလည်း မထဘူး၊ သမာဓိ ပညာလည်း မပျက်ဘူး၊ ငါ့မာရ်နတ်မှန်းသာ သူသိပြီးသကာလ ငါသည်ကားလို့ ဆိုရင် စိတ်မချမ်းသာဘဲနဲ့ပဲ နတ်ပြည်ပြန်သွားရရှာတယ်၊ ဖျက်လို့မရဘူး. . . (မှန်ပါ့)။

အဲဒီတော့. . . ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲ ဘာဖြစ်၍ ဘာပျက်တာရှိသလဲ. . . (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာရှိပါတယ်ဘုရား)။

## ဒုက္ခထဲ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာရှိတယ်

အဲ. . . ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ သေသေချာချာ ရှိတာ. . . (မှန်ပါ့ဘုရား)။

ယားတာကလေးကော. . . (ဒုက္ခဖြစ်တာပါဘုရား)၊ ပျောက်သွားပြန်တော့လည်း ဒုက္ခပျက်တာပဲ . . . (မှန်ပါ့) ပေါ်လာတော့. . . (ဒုက္ခဖြစ်တာပါဘုရား)၊ ဒုက္ခပေါ်လည်း ဒုက္ခပျက်. . . (မှန်ပါ့ဘုရား)။

အင်း . . . ကောင်းတဲ့ စိတ်ကလေး ပေါ်လာတော့ . . (ဒုက္ခဖြစ်တာပါဘုရား) ကောင်းတဲ့စိတ်ကလေး ပျက်သွားတော့ . . . (ဒုက္ခပျက်တာပါဘုရား)။

ဘာမှမတွေးနဲ့ . . .၊ မကောင်းတဲ့စိတ်တွေပေါ်တော့လည်း မကောင်းတဲ့စိတ်လည်း ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ . . . (မှန်ပါ့) အဲဒါရှုချလိုက် . . . (မှန်ပါ့)။

မကောင်းတဲ့စိတ်ကလေးဟာလည်း ပေါ်လာတယ်၊ ကိုယ့်စိတ်ထဲ၊ ဟို . . . မဇ္ဈေရစိတ်ကလေး ပေါ်လာတယ်ဆိုလို့ရှိရင် . . . အဲဒါ . . . မဇ္ဈေရစိတ်ကလေးပေါ်လာတာ ဒုက္ခပေါ်လာတာ . . . (မှန်ပါ့ဘုရား) မဇ္ဈေရကလေး ဒီဉာဏ်နဲ့သာ ကြည့်လိုက် မဇ္ဈေရကလေးကလည်း ခဏနေ ပျောက်သွားတာပဲ . . . (မှန်ပါ့) ပျောက်သွားတော့ ဒါလည်း ဘာပျောက်တာတုံး . . . (ဒုက္ခပျောက်တာပါဘုရား) ဒုက္ခဖြစ်၍ ဒုက္ခပျောက်တာပဲ . . . (မှန်ပါ့)။

ဒကာဒကာမတို့ ဘာများ ရှိသေးသတုံး . . . (မရှိပါဘုရား) ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ ရှိတယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ)။

## နောက်ခန္ဓာမလာတာ၊ နိရောဓသစ္စာ

ဒါဖြင့် ဒုက္ခဖြစ်၍ ဒုက္ခပျက်တာက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား) ပျက်တိုင်း ပျက်တိုင်း ဖြစ်ပျက်သိတာက . . . (မဂ္ဂသစ္စာပါဘုရား) သေတာက . . . (သမုဒယသစ္စာပါဘုရား) သေတော့ နောက်ခန္ဓာ မလာတာက . . . (နိရောဓသစ္စာပါဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ဒါဖြင့် လုပ်တတ်ပလား . . . (လုပ်တတ်ပါပြီဘုရား)။

ဒါဖြင့် တရားနှလုံးသွင်းကြဆိုရင် ဘာသွင်းမယ် . . . (ကိုယ့်ခန္ဓာသွင်းရပါမယ်ဘုရား) ခန္ဓာက ဘာတွေ ပေါ်လာလိမ့်မယ် ထင်သတုံး . . . (ဒုက္ခသစ္စာတွေ ပေါ်လာပါလိမ့်မယ်ဘုရား)။

## ဒီဥစ္စာသည်တရားစစ်တရားမှန်

အဲ . . . ဒုက္ခသစ္စာကလေး ပေါ်လာတော့ နှလုံးသွင်းတဲ့အခါ ခန္ဓာကြည့်လိုက်တော့ ခန္ဓာက ဒုက္ခသစ္စာပြတယ်၊ ဒုက္ခသစ္စာ သိတာက မဂ္ဂသစ္စာဖြစ်တော့ ဒီဥစ္စာသည် တရားမှန် တရားစစ်ဆိုတာ သေသေချာချာ မှတ်ကြ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းကြပါပြီဘုရား)။

ကိုင်း . . . ယနေ့ ဒီတွင် တော်ကြဦးစို့

သာဓု . . . သာဓု . . . သာဓု။